မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဝန်ကြီးဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လေဆိပ် ခြောက်လမ်းသွား၊ အဝင်လမ်းထိပ်၌ဆောက်လုပ်မည့် နှင်းဆီပန်း အဝိုင်းနေရာ ခြောက်လမ်းသွား အဝင်လမ်း တည်ဆောက်ပြီးစီးမှုနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ ပန်းပင် စိုက်ပျိုးနေမှု၊ ရေရရှိရေးဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြသ

ထို့နောက် လေဆိပ်ပင်မအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က လုပ်ငန်းခွင်ဧရိယာအတွင်း ဆောင်ရွက်လျက်ရှိသော မြေညီထပ်ကြမ်းခင်း ကွန်ကရစ်လောင်းခြင်း၊ တိုင်များ ကွန်ကရစ်လောင်းခြင်း၊

စာမျက်နှာ ၃ ကော်လံ ၅ ❐

မြန်မာ့အမျိုးသားပြခန်းဆောင်မှာ ကျက်သရေရှိလှသည်၊ ပန်သင့်လှသည်၊ မင်္ဂလာရှိလှသည်။

EXPO 2010 SHANGHAI CHINA

ရှန်ဟိုင်း ကုန်စည်ပြပွဲ၏ အမှတ်တံဆိပ်။

တစ်ကမ္ဘာလုံးဆင်နွှဲ ရှန်ဟိုင်းကုန်စည်ပြပွဲ

မြန်မာသတင်းအဖွဲ့ ကွင်းဆင်းတင်ပြသည် ➤ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး(မြန်မာ့အလင်း)

နေပြည်တော် မေ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စီးပွားရေး လျင်မြန်စွာ တိုးတက်နေသော ရှန်ဟိုင်းမြို့တွင် ယမန်နေ့ (မေ ၁ရက်)မှစ၍ ၂၀၁၀ ကမ္ဘာ့ကုန်စည်ပြပွဲကို စတင်ကျင်းပလျက်ရှိသည်။ ခြောက်လတိုင်တိုင်ကျင်းပမည့် အဆိုပါ ကုန်စည်ပြပွဲနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာခဲ့သော မြန်မာသတင်းအဖွဲ့က သတင်းဆောင်းပါးများကို စုစည်းရေးသား ဖော်ပြသွားပါမည်။

(စာတည်းမှူး)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီကိုယ်စား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အာဘော် ''ပြည်သူ့နေ့စဉ်'' (The People's Daily) သတင်းစာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဧပြီ ၁၈ရက်မှ ဧပြီ ၂၂ ရက်အထိ သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

ရှန်ဟိုင်းကုန်စည်ပြပွဲ၏ အထိမ်းအမှတ်အရုပ် ဟိုင်ပေါင်း(Haibao)က ချစ်ကြည်ရေးသံတမန်ကြီးသဖွယ် ပြုံးရွှင်နေသည့်အမူအရာကို လှစ်ပြနေသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော် (၂၀၁၀ခုနှစ် မေ ၂ ရက်)

အေးချမ်းသာယာပြီး ခေတ်မီတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေး အလုပ်သမားထုတစ်ရပ်လုံး တိုင်းရင်းသားပြည်သူများနှင့် လက်တွဲညီညီကြိုးပမ်း

၂၀၁၀ခုနှစ် မေလ ၁ရက်နေ့သည် အလုပ်သမားနေ့ဖြစ်သည်။ မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ဝင့်ထည်တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် တစ်မျိုးသားလုံး၏ စုစည်းမှုအားမာန်ဖြင့် ကြိုးပမ်းလျက်ရှိသည်။

ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် အလုပ်သမားများအပါအဝင် တိုင်းရင်းသားပြည်သူများက စည်းလုံးညီညွတ်သော စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အလုပ်သမားကြီးများ၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို အသိအမှတ်ပြု၍ လုပ်ငန်းခွင်သာယာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး စသည့် အလုပ်သမားများ၏ ခံစားခွင့်နှင့် အခွင့်အလမ်းများ ပိုမိုမြင့်မားခိုင်မာစေရန် အလေးထား ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်၊ သမဝါယမနှင့် တိုင်းရင်းသား ပုဂ္ဂလိက ကဏ္ဍသုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီမံကိန်းကြီးများ ချမှတ်ဖော်ဆောင်လျက်ရှိရာ အလုပ်သမားထုကြီးက အင်တိုက်အားတိုက် လက်တွဲပါဝင်မှုကြောင့် အောင်မြင်မှုအသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ ရရှိခံစားနေကြရပြီ ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချောမောအောင်မြင်ရေးအတွက် အလုပ်သမားထုကြီးသည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဦးသိန်းဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် ဧပြီ ၂၄ရက်က ရခိုင်ပြည်နယ် အမ်းမြို့နယ် တပ်တောင်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် တပ်တောင်ဆိပ်ကမ်းနှင့် ဆိပ်ခံတွဲ အခြေအနေ၊ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နိုင်မှုအခြေအနေ၊ တပ်တောင်ရေလမ်းကြောင်းအခြေအနေနှင့် စစ်တွေမှ တပ်တောင်သို့ ရေယာဉ်ဖြင့် ခရီးသည်များ လိုက်ပါစီးနင်းမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒေသခံပြည်သူများ ရေကြောင်းသွားလာမှု အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် တပ်တောင် ကမ်းနားပြင်ကျေးရွာရေလမ်းကြောင်း၊ ကမ်းနားပြင်/သလူမော်-ကံဘွေသွား ရေလမ်းကြောင်းနှင့် တပ်တောင်-လက်ခွာဒွေ-ဆပ်ဖာဒေ အလယ်ကျွန်း၊ ကံကျွန်း၊ နွားရုံတောင်၊ တောင်ကြီးအင်း၊ အမွေပုံ၊ စည်တောင်ကလေး၊ စည်တောင်ကြီး၊ ရှူးစံပြကျေးရွာနှင့် ကမ်းထောင်းကြီးကျေးရွာများသို့ ရေကြောင်းဖြင့် သွားလာနိုင်မှုအခြေအနေ၊ အမ်း-ကျောက်ဖြူ ရေလမ်းကြောင်းနှင့် တပ်တောင်- အဝပြင်(၁)ကျေးရွာသွား ရေလမ်းကြောင်း အခြေအနေ၊ ခရီးသည်စက်လှေများ ဝင်/ထွက်သွားလာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တို့တွင် နိုင်ငံတော် ထောက်ပံ့ငွေ၊ အဖွဲ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခဲ့သည့် မမြချောင်းကူး (သဲဖြူ) တံတားဖွင့်ပွဲကို ဧပြီ ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်ဝင်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

၁၉၇၃-၁၉၇၇ ဘူမိကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲနှင့် တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

၁၉၇၃-၁၉၇၇ ဘူမိကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဇွန် ၂၇ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သုခဝတီလမ်း Sedona Hotel နောက်ကျောလမ်း အမှတ်(၁၉/က)ရှိ ရွှေဟင်္သာစံကျောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာများနှင့် ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လျှုဒါန်း

ကျောင်းသားဟောင်းများ စာရင်းပြုစုနိုင်ရန်အတွက် မိမိတို့၏ အမည်၊ ဓာတ်ပုံ၊ နေရပ်လိပ်စာ၊ ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များကို မေ ၃၁ရက် နောက်ဆုံးထား၍ ဦးခင်တိုး အမှတ် ၁၄၁ လသာလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၆၁၁၆၁၊ ၂၄၁၁၆၂၊ ၂၄၂၀၉၁နှင့် ၂၄၂၀၉၂ တို့သို့ ဆက်သွယ်ပေးပို့ကြရန်၊ အလှူငွေများကို ဦးခင်တိုး မှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်) ၀၀၉၂၀၀၊ ကျင်းပရေးကော်မတီဝင်များဖြစ်ကြသော ဦးအေးလွင် ဖုန်း-၀၉-၅၀-၀၆၂၅၈၊ ဦးခင်တိုး ဖုန်း-၀၉-၅၁-၆၃၁၆၂၊ ဦးတင်မော် ဖုန်း-၀၅၇-၂၃၀၇၃၊ ဦးတင်အုန်း ဖုန်း-၀၉-၅၀-၁၉၃၁၅၊ ဦးအောင်ကြည် ဖုန်း-၀၉-၈၅-၃၄၀၇၈၊ ဦးစွန်လိုက် ဖုန်း-၀၉-၅၀-၁၈၉၉၉၊ ဦးသန်းအောင် ဖုန်း-၀၉-၅၀-၄၁၃၇၈၊ ဦးစိုးဝင်း(ဘတ်စကက်ဘော) ဖုန်း-၀၉-၅၁-၉၈၂၅၃၊ ဦးကျော်စိုး ဖုန်း-၀၉-၅၁-၂၆၅၄၃၊ ဦးရဲတင့် ဖုန်း-၀၉-၈၀-၃၁၆၄၂၊ ဦးလှမြင့် ဖုန်း-၀၉-၅၀-၂၈၉၉၇၊ ဦးနေဝင်း ဖုန်း-၀၉-၅၀-၀၅၀၄၁၊ ဦးမြင့်အောင် ဖုန်း-၃၈၅၅၈၉နှင့် ဦးဖေခင် ဖုန်း ၀၉- ၅၁-၅၃၆၇၈ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**အာရုံမှန်တော့သဒ္ဓါမှန်တယ် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တ သံဝရ)
၆း၅၀	တောင်းဆုအမှန်ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၇း၀၀	MRTV-4 သတင်း
၇း၄၅	ဇေယျာဝတီကျောင်းတိုက် လှိုင်မြို့နယ်၏ ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၈)
၈း၃၀	Sports World (Sunday Special)
၈း၅၅	အေးချမ်းသောအလှ၊ စွဲမက်ဖွယ် မြင်ကွင်းများနှင့် ရေခဲတောင်မြေ
၉း၃၀	Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
၁၀း၂၀	Organic Certificate လက်ခံရရှိသည်
၁၀း၄၅	ဈေးဝယ်လမ်းညွှန် (City Centre Shopping Mall)
၁၀း၅၅	အနုပညာကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း (စိုင်းသီဟ)
၁၁း၂၀	ဗီဒီယိုပြခန်း
၁၁း၃၅	အရည်အသွေးတို့၏အစပထမ
၁၁း၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ရေနံ့သာစိုးလှိုင်၏ သီဆိုဟန်)
၁၂း၀၅	ရန်ကုန်မြင်ကွင်းကျယ် (Myanmar ICT Exhibition 2010)
၁၂း၃၀	ကျီးသဲမြို့မှ စည်းလုံးချည်
၁၂း၄၀	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁း၀၀	**အာရုံမှန်တော့သဒ္ဓါမှန်တယ် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တ သံဝရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း အားနာတတ်တာကောင်းတယ်၊ အားမနာတတ်တာကောင်းတယ်
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၈)
၄း၁၀	**ဓီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၄း၁၅	Organic Certificate လက်ခံရရှိသည်
၄း၄၀	အေးချမ်းသောအလှ၊ စွဲမက်ဖွယ် မြင်ကွင်းများနှင့် ရေခဲတောင်မြေ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲအောင်)
၆း၅၅	ဈေးဝယ်လမ်းညွှန် (City Centre Shopping Mall)
၇း၁၀	ဇေယျာဝတီကျောင်းတိုက် လှိုင်မြို့နယ်၏ ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား
၇း၂၅	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း အားနာတတ်တာကောင်းတယ်၊ အားမနာတတ်တာကောင်းတယ်
၉း၂၅	Barclays Premier League (Sunderland Vs Man U)
၁၀း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၈)
၁၁း၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ရေနံ့သာစိုးလှိုင်၏ သီဆိုဟန်)
၁၂း၁၀	အနုပညာကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း (စိုင်းသီဟ)
၁၂း၃၀	စက်မှုကုန်ကြမ်းသီးနှံပီလောပီနံ
၁၂း၄၀	ရမ္မာဝတီသို့…ရွက်လွှင့်ခြင်း
၁း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	**Liverpool - Chelsea**	**ESPN (Live)**
၈း၂၅	**Fulham- West Ham**	**Star Sports (Live)**
၉း၂၅	**Sunderland- Man U**	**ESPN (Live)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

2-5 (02).pmd 1 5/2/2010, 1:22 AM

ကမ္ဘာ့မိသားစုပုံရိပ်ကို ထင်ဟပ်လွှမ်းခြုံစေသည့် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀

ဘာသာပြန်သတင်းအက်ဆေး-မိုးမြင့်လင်းလက် — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရှန်ဟိုင်း မေ ၁

ကမ္ဘာ့အခမ်းနားဆုံးနှင့် စည်ကားသိုက်မြိုက်မှုအရှိဆုံးဖြစ်သည့် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ ဖွင့်ပွဲအခမ်းအနားကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပရိသတ်ထောင်ပေါင်းများစွာတို့ရှေ့၌ ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက စတင်ဖွင့်လှစ်ခဲ့ပေပြီ။

ကမ္ဘာ့မိသားစု ပုံရိပ်အသွင်ဆောင်သည့် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၂၀၁၀ကို ဤသို့ ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

(ဆင်ဟွာဓာတ်ပုံ)

မိန့်ခွန်းပြောကြား

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ဖွင့်ပွဲအခမ်းအနား၌ တရုတ်သမ္မတဟူကျင်ထောင်း တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ပြင်သစ်သမ္မတ ဆာကိုဇီ၊ တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်၊ မွန်ဂိုလီးယားသမ္မတ အီလ်ဘတ်ဒိုဂျေ၊ ဥရောပ ကော်မရှင်ဥက္ကဋ္ဌ ဘာရိုဆိုတို့အပါအဝင် အခြားနိုင်ငံများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ ထို့အပြင် တူညီဝတ်စုံဝတ်ဆင်ထားသည့် တရုတ်လှပျိုဖြူများ၊ ရိုးရာဝတ်စုံများ ဝတ်ဆင်ထားသည့် တရုတ်လူငယ်များနှင့် ပရိသတ်များကြောင့် ခမ်းနားထည်ဝါမှုအပြည့်ဖြစ်လျက်ရှိသည်။

သီဆို

တူညီဝတ်စုံဝတ်ဆင်ထားသည့် တရုတ်လူငယ်မောင်မယ်များက **"အကောင်းဆုံးမြို့ အကောင်းဆုံးဘဝ"**ဟူသော တေးသီချင်းကို သရုပ်ဖော် ဖျော်ဖြေတင်ဆက်ခဲ့ရာ တရုတ်နိုင်ငံ၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များကို ဖော်ကျူးနိုင်ခဲ့သည်။ တရုတ်ရိုးရာယဉ်ကျေးမှုမပျက် ဝတ်ဆင်ထားသော တရုတ်အမျိုးသား၊ အမျိုးသမီးငယ်များ၏ စုပေါင်းဖျော်ဖြေတင်ဆက်မှုများ၊ မီးရောင်စုံဆလိုက်များနှင့် မီးရှူးမီးပန်းများကြောင့် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ဖွင့်ပွဲအခမ်းအနားတစ်ခုလုံး ခြိမ့်ခြိမ့်သဲလျက်ရှိသည်။

မှတ်ချက်ပြု

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ဖွင့်ပွဲအခမ်းအနားကို ကြည့်ရှုပြီး **"၂၁ရာစုအစ၌ တရုတ်နိုင်ငံ တိုးတက်ထွန်းလင်းတောက်ပလာမှုများကို ဤကုန်စည်ပြပွဲက မီးမောင်းထိုးပြလိုက်ပြီ"** ဟု နိုင်ငံတကာကုန်စည်ပြပွဲဗျူရို (ဘီအိုင်အီး)ဥက္ကဋ္ဌ ဂျိမ်းပီရီ လာဖွန်က လှိုက်လှဲစွာ မှတ်ချက်ပြုခဲ့သည်အထိ ခမ်းနားထည်ဝါခဲ့သည်။

လွှင့်ထူ

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ ကျင်းပရာနေရာတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၉နိုင်ငံနှင့် ကမ္ဘာ့အဖွဲ့အစည်း ၅၀ကျော်တို့၏ အထိမ်းအမှတ်အလံများကို လွှင့်ထူထားရာ တရုတ်နိုင်ငံ၏ လက်ရှိရပ်တည်နေမှုအနေအထားသည် ကမ္ဘာ့မိသားစုအသွင်ကို ဖော်ဆောင်နေကြောင်း ဖော်ကျူးလှစ်ဟပြသလျက်ရှိနေသည်။ ကမ္ဘာ့ လူမှုဆက်ဆံရေးနယ်ပယ်တွင် တရုတ်နိုင်ငံ၏ ဆက်ဆံရေးကျယ်ပြန့်နွေးထွေးမှုကိုလည်း ထင်သာမြင်သာဖြစ်စေခဲ့သည်။

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ကို မေ ၁ရက်၌ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်တွင်း၊ ပြည်ပမှ ပရိသတ်များ ပြည့်ကျပ်လျက်ရှိသည်။ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ကျင်းပသည့်နေရာဖြစ်သော ရှန်ဟိုင်းမြို့ ဟောင်ဖူမြစ်ကမ်းဘေးတစ်ဖက်တစ်ချက်ရှိ မြေအကျယ်အဝန်း ၅၂၈ စတုရန်းကီလိုမီတာပေါ်တွင် ပြခန်းများ၊ ပြပွဲလာပြည်သူများ၊ ကုန်ပစ္စည်းခင်းကျင်းပြသမှုများနှင့် ပြည့်လျှံလျက်ရှိနေသည်။ ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲစတင်ဖွင့်လှစ်သည့် မေ ၁ရက်က လာရောက်လေ့လာကြသည့် ပရိသတ်ဦးရေမှာ ၄၀၀၀၀၀ကျော်ရှိသည်။

စည်ကား

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပြခန်းပေါင်း ၁၃၀ ကျော် ခင်းကျင်းပြသထားရာ နိုင်ငံတကာမှ ပြခန်းများတွင် မိမိတို့၏နိုင်ငံ ပုံရိပ်ထင်ဟပ်စေသည့် ဒီဇိုင်းအပြင်အဆင်များ၊ ထုတ်ကုန်ပစ္စည်းများနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာပြခန်းများ၊ အိုင်တီနည်းပညာသုံး ထုတ်ကုန်ပစ္စည်းသစ်များကို မြိုင်မြိုင်ဆိုင်ဆိုင်ခင်းကျင်းပြသထားရာ ပြပွဲလာပရိသတ်များ အံ့သြဖွယ်ရာလေ့လာ၍မကုန်နိုင်ဖြစ်ရသည်။ ပြပွဲလာပရိသတ်များကလည်း နိုင်ငံတကာမှ ခေတ်မီဆန်းသစ်သော စက်မှုနှင့်အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများ ပြခန်းတိုင်းတွင် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

မီးရှူးမီးပန်း

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ တွင် မီးရောင်စုံများ ၂၄နာရီပတ်လုံးထွန်းပေးထားသည့်အပြင် ဖွင့်ပွဲအခမ်းအနားည၌ လှပသော မီးရှူးမီးပန်းရောင်စုံများကို မပြတ်တမ်း ပစ်လွှတ်ပေးနေသဖြင့် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ ကျင်းပရာနေရာကို အဝေးမှပင် လှပစွာ မြင်တွေ့ကြရသည်။

ပရိသတ်များ

ကုန်စည်ပြပွဲသို့ လာရောက်ကြသည့် ပရိသတ်များကလည်း မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ ရိုးရာဝတ်စုံများကို ဝတ်ဆင်ထားသည်ဖြစ်ရာ ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ သည် ကမ္ဘာ့မိသားစုကုန်စည်ပြပွဲပင် ဖြစ်ကြောင်း၊ နွေးထွေးသော ကမ္ဘာ့မိသားစု အသွင်အပြင်ကို မြင်တွေ့ခံစားရကြောင်း ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀သို့ တက်ရောက်နေသည့် မွန်ဂိုလီးယားသမ္မတ အီလ်ဘတ်ဒိုဂျေက မှတ်ချက်ပြုပြောကြားခဲ့ပါကြောင်း ။ ။

ကိုးကား-အင်တာနက်

❑ ရှေ့ဖုံးမှ

ပထမထပ် တည်ဆောက်ခြင်း လုပ်ငန်းရှိ သံထည်ရက်မများ တပ်ဆင် ပြီးစီးနေမှု၊ တိုင်များ ကွန်ကရစ်လောင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားမှု၊ လေဆိပ်အဆောက်အအုံ အပေါ်ထပ်သို့ အတက်/အဆင်းလမ်း (Elevated Driveway) လုပ်ငန်းရှိ ဘိုးပိုင်ရိုက်ခြင်း၊ ပိုင်ခုံလောင်းခြင်း ပြီးစီးနေမှုတို့ကို ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် လက်ရှိ လေယာဉ်ပြေးလမ်းနှင့်အပြိုင် တည်ဆောက်လျက်ရှိသော လေယာဉ်သွားလမ်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြေအောက်ကန့်လန့်ဖြတ် ရေထုတ်မြောင်း (Bon Culvert) များ ထည့်သွင်းတည်ဆောက်နေမှု၊ မြေသားလုပ်ငန်း၊ အောက်ခံရှစ်လက်မထု ကွန်ကရစ်လွှာနှင့် အပေါ်ယံ ၁၄လက်မထု ကွန်ကရစ်လွှာခင်းခြင်း ပြီးစီးနေမှု၊ လေယာဉ်ရပ်နားနေရာ (Remote Parking) ရှိ မြေသားလုပ်ငန်းဆောင်ရွက်နေမှုနှင့် လေဆိပ်အဆောက်အအုံ ပတ်လည်ရှိ ကွန်ကရစ်ရေထုတ်မြောင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများ၊ ပင်မလေဆိပ်နှင့် အဆောက်အအုံတွင် တပ်ဆင်မည့် လေအေးပေးစနစ်၊ လုံခြုံရေးစနစ်၊ စက်လှေကား/ဓာတ်လှေကားနှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်များကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက်ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်အတွင်း လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

KMD Sales & Service Centre
နေရာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် မေ ၁

ကွန်ပျူတာကိုစိတ်ဝင်စားပြီး ဝါသနာပါသူများ၊ ကွန်ပျူတာနှင့် ပတ်သက်ဆက်စပ်သည့် သင်တန်းများကို တက်ရောက်လိုသူများ၊ ကွန်ပျူတာဝယ်ယူလိုသူများ ပိုမိုအဆင်ပြေ ချောမွေ့စေရန်နှင့် သွားလာရလွယ်ကူပြီး စိတ်အေးချမ်းသာ အဆင်ပြေစွာဖြင့် ဝယ်ယူလေ့လာနိုင်ရန်အတွက် ယခင်ကုန်သည်လမ်းပေါ်ရှိ KMD Sales & Service Centre ကို ယခုအခါ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) အမှတ် ၁၇၀-၁၈၄သို့ ဧပြီ ၁ရက်မှ စတင်၍ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ပြသရောင်းချ

အဆိုပါစင်တာသစ် စတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် မေ ၁ရက် (အလုပ်သမားနေ့)တွင် Special Sales Road Show အဖြစ် အထူးဈေးရောင်းပွဲတော်များကို ၄င်းစင်တာသစ်နှင့်အတူ KMD Sales & Service (မြေနီကုန်းစင်တာ)တို့၌ တစ်ပြိုင်နက် ကျင်းပသည်။ ထိုအထူးဈေးရောင်းပွဲတော်များတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် DVD-R,DVD-Double Layer, Sony Mouse, Canon 6320 Printer, Microlab Head Phone, Prolink Gamer Keyboard, LG 22xDVD Writer, Prolink Webcam, Verbatim Earphone, HP Deskjet 2410 Printer နှင့် Prolink Serial Modern များကို အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချ၍ ရောင်းချပေးခဲ့ရာ ဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားသည်။

ယခုအခါ သိပ္ပံနှင့် နည်းပညာခေတ်ကြီးတွင် အနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များအကြား Notebook များ သုံးစွဲလာမှုမှာ သိသိသာသာ တိုးတက်များပြားလာသည့်အတွက် KMD Sales & Service Centre များကလည်း Notebook Model အမျိုးအစားသစ်အများအပြားကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည့်အပြင် နောက်ဆုံးပေါ်အဖြစ် အသစ်ဝင်ရောက်လာသော ကွန်ပျူတာပစ္စည်းသစ်များကိုလည်း စင်တာများ၌ပြသခဲ့ရာ HDD ပေါ်မှ High Definition Movie များကို တိုက်ရိုက်ကြည့်ရှုနိုင်ပြီး Internet Line ရှိပါက Movie များကို တိုက်ရိုက် Download လုပ်ယူနိုင်သော Media Player, သီးခြား Power တပ်စရာမလိုဘဲ Notebook များဖြင့် အလွယ်တကူချိတ်ဆက်အသုံးပြုနိုင်သော Portable Speaker, iPhone External Charger, High Definition Movie Camera တို့ကိုလည်း ပြသရောင်းချပေးသည်။**(အပေါ်ပုံ)**

ဖွင့်လှစ်

အဆိုပါ အရောင်းစင်တာအသစ်သို့ KMD Sales & Service နှင့်အတူ KMD Training Centre, ရုံးလုပ်ငန်းပိုင်းဆိုင်ရာဌာနများ၊ Lenovo Sales Show Room, Lenovo Authorised Service Centre များပါ တစ်ပါတည်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်စုံစမ်း

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူလိုသူများနှင့် ကွန်ပျူတာနှင့် ပတ်သက်သည်များကို စုံစမ်းမေးမြန်းသိရှိလိုပါက နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) အမှတ် ၁၇၀-၁၈၄ ရှိ KMD Sales & Service Centre ဖုန်း-၃၈၁၀၃၅၊ ၃၈၁၇၇၆၊ ၅၀၃၅၂၂နှင့် ၅၀၂၂၄၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ဖြူ စည်ပင်သာယာ အမှုဆောင်အရာရှိ ကျေးရွာတံတားစစ်ဆေး

ကျောက်ဖြူ မေ ၁

ကျောက်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကောင်းထွန်းလင်းတို့အဖွဲ့သည် ဧပြီ ၂၈ရက်က ဇင်ချောင်းကျေးရွာနှင့် ကင်းမြောက်ကျေးရွာတို့ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားအမှတ်(၃) ပျက်စီးနေမှုကို သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီကုန်သွယ်ရေးဇုန် ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းစည်းဝေး

မြဝတီ မေ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန မြဝတီကုန်သွယ်ရေးဇုန် ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးပွဲကို ဧပြီ ၂၆ရက်က ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြဝတီကုန်သွယ်ရေးဇုန်တာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးက ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး**(ယာပုံ)**ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသောကုမ္ပဏီလုပ်ငန်းရှင်များက ကုန်သွယ်မှုဆိုင်ရာ အကြံပြုချက်များ ဆွေးနွေးတင်ပြကြရာ နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကုန်သွယ်ရေးဇုန် One Stop Services ဌာန၊ တာဝန်ခံများမှ မြဝတီနယ်စပ် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် လိုအပ်သည်များ ရှင်းလင်းဆွေးနွေးကြသည်။

(၁၀၁)

မီးသတိပြု

ရန်ကုန်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား
ပြည်သူ ၃၅၀၀၀၀ကျော် လာရောက်ကြည့်ရှုလေ့လာ

ရှန်ဟိုင်း မေ ၁

နှစ်အတန်ကြာ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ရသော ရှန်ဟိုင်းကုန်စည်ပြပွဲကြီးကို အများပြည်သူများအား မေ ၁ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ပြသလိုက်ပြီဖြစ်သည်။

စစ်ဆေး

အဆိုပါပြပွဲသို့ ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုကြသူများမှာ အဝင်ဂိတ်များကို ဖြတ်သန်းဝင်ရောက်ကြစဉ် တန်းစီလျက်ရှိသောလူများအား လုံခြုံရေးအရ စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ ဖွင့်ပွဲအခမ်းအနားအတွက် လက်မှတ်စောင်ရေ ၃၅၀၀၀၀ကျော် ရောင်းချခဲ့ကြောင်း ပြပွဲကျင်းပသူများက ပြောကြားသည်။

မြင်တွေ့

ပြပွဲသို့ပထမဆုံးဝင်ရောက်ခွင့်ရသူမှာ ကျန်စုပြည်နယ်ရှိ သိပ္ပံနှင့်နည်းပညာကုမ္ပဏီမှ အမှုဆောင်အရာရှိ ဂျီနန်ဆိုသူဖြစ်သည်။ မိမိအနေဖြင့် "ဒီပြပွဲမှာ သိပ္ပံနှင့်နည်းပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စွမ်းအင်တို့နှင့်နီးနွယ်ဆက်စပ်နေတဲ့ တီထွင်ဆန်းသစ်မှုတွေကို မြင်တွေ့ရပါပြီ"ဟု ဂျီနန်က ပြောကြားသည်။

အဆိုပါ ရှန်ဟိုင်းကုန်စည်ပြပွဲသည် ယန်စီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ဟောင်ဖူမြစ်ဘေးတစ်ဖက်တစ်ချက်စီတွင်တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၅၂၈စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ၂၀၁၀ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲ ဖွင့်လှစ်ပြီးနောက် လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီကွေဒေါ၌ မိုးသည်းထန် ၁၄ဦးသေဆုံးခဲ့ရ

ကွီတို မေ ၁

အီကွေဒေါနိုင်ငံ၌ ဧပြီလအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ၁၄ဦးထက်မနည်း သေဆုံးပြီး အခြား ၄၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အီကွေဒေါ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက ဧပြီ ၃၀ရက်၌ တရားဝင်ကြေညာသည်။

ပျက်စီး

နိုင်ငံအတွင်းရှိ အက်စ်မရာဒက်စ်၊ နာပိုနှင့် ဂါရာပြည်နယ်များ၌ မိုးအဆက်မပြတ်ရွာသဖြင့် ရေကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ပွားခဲ့ကြောင်း၊ နေအိမ် ၁၅၂၃လုံးခန့် ပျက်စီးခဲ့ရကြောင်း အဆိုပါသတင်းတွင်ဖော်ပြသည်။

ခံစား

ထို့ပြင် အီကွေဒေါနိုင်ငံအလယ်ပိုင်း နာပိုပြည်နယ်ရှိ ပန်နို၊ မစ်အာဟွာလီနှင့် တီနာမြစ်များရေလျှံသဖြင့် မိသားစုပေါင်း ၂၇၀၀ခန့် ရေလွှမ်းမှုဒဏ်ခံစားခဲ့သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရန်သူ့လက်ချောင်းများ အီရန်ရိုက်ချိုးပစ်မည်ဟု သမ္မတအာမက်ဒီနီဂျက် သတိပေးပြောကြား

တီဟီရန် မေ ၁

အီရန်နိုင်ငံအား ကျူးကျော်လာလျှင် ရန်သူ့လက်ချောင်းများကို ရိုက်ချိုးပစ်မည်ဖြစ်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်က ပြောကြားလျက် အီရန်နိုင်ငံအပေါ် မည်သို့သော ကျူးကျော်တိုက်ခိုက်မှုမျိုးကိုမဆို ခက်ထန်စွာ သတိပေးလိုက်သည်။

အီရန်နိုင်ငံအား ပစ်ခတ်လိုသည့် ကမ္ဘာ့မည်သည့်နေရာမှ မည်သူ့လက်မဆို သေနတ်ပြောင်းခလုတ်ကို မဆွဲမီ ဖြတ်တောက်ခံရမည်သာဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဧပြီ ၂၉ ရက်၌ ပြောကြားသည်ဟု အိုင်အာရ်အင်န်အေသတင်းဌာနက ကြေညာသည်။

အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်

ထည့်သွင်းပြောကြား

အရှေ့အုပ်စုနှင့် အနောက်အုပ်စုပေါင်း စုညီညွတ်သွားသည့်တိုင်အောင် ၎င်းတို့အနေဖြင့် အီရန်ပိုင်နက်နယ်မြေကို တစ်လက်မမျှပင် သိမ်းယူနိုင်မည် မဟုတ်ကြောင်း မိမိတို့ အီရန်နိုင်ငံ၏ အတွေ့အကြုံက သက်သေထူနေသည်ဟုလည်း သမ္မတမာမွတ်အာမက်ဒီနီဂျက်က ထည့်သွင်းပြောကြားသည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိ မည်သည့်အင်အားကြီး နိုင်ငံမဆို အီရန်နိုင်ငံကို အနည်းငယ်မျှပင် ထိခိုက်ပျက်စီးအောင် ဒုက္ခပေးနိုင်မည်မဟုတ်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်။

(အင်တာနက်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တူရကီနှင့် အိမ်နီးချင်းနိုင်ငံများ တိုးမြှင့်လုပ်ဆောင်

အန်ကာရာ မေ ၁

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တူရကီနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အီရန်၊ အီရတ်၊ ဆီးရီးယားနိုင်ငံတို့နှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ ၂၉ရက်၌ လေးနိုင်ငံထိပ်တန်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

သဘောတူညီ

ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေး၊ မြေဆီလွှာတိုက်စားမှုလျှော့ပါးရေးနှင့် ဖုန်ထမှု ပပျောက်ရေးရည်ရွယ်ချက်ဖြင့် နှစ်နှစ်တာ စီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့ဖွဲ့စည်းရန် လေးနိုင်ငံမှ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီးဌာနဝန်ကြီးများက သဘောတူညီကြကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

ထို့ပြင် အာရပ်စော်ဘွားများနိုင်ငံ၊ ဂျော်ဒန်၊ ဆော်ဒီအာရေဗျနှင့် အာဖရိက မြောက်ပိုင်းနိုင်ငံများနှင့်လည်း တူရကီက အလားတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆင်ဟွာ သတင်းဌာန ရုပ်မြင်သံကြား အစီအစဉ် အင်္ဂလိပ်ဘာသာဖြင့် တစ်ကမ္ဘာလုံးသို့ စတင်ထုတ်လွှင့်

ပေကျင်း မေ ၁

တရုတ်နိုင်ငံ၏ အဓိကမီဒီယာ ဆင်ဟွာသတင်းဌာနက တစ်ကမ္ဘာလုံးသို့ ရုပ်မြင်သံကြားအစီအစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် နေ့စဉ် ၂၄နာရီပတ်လုံး ထုတ်လွှင့်မည်ဖြစ်ကြောင်း ဧပြီ ၃၀ရက်၌ ဆင်ဟွာသတင်းဌာနကကြေညာသည်။

ယင်းရုပ်/သံ အစီအစဉ်ကို ဂြိုဟ်တု၊ ကြေးနန်းစနစ်၊ အင်တာနက်နှင့် ဆဲလ်ဖုန်းတို့မှတစ်ဆင့် ဖမ်းယူကြည့်ရှု နားသောတဆင်နိုင်ကြောင်း သိရသည်။

ကျင်းပ

ဆင်ဟွာသတင်းဌာန လက်အောက်ခံ တရုတ်ဆင်ဟွာ သတင်းကွန်ရက် ကော်ပိုရေးရှင်း (စီအင်စီ)က အင်္ဂလိပ်ဘာသာဖြင့် ရုပ်/သံ အစီအစဉ်ကို ထုတ်လွှင့်မည်ဖြစ်ရာ မေ ၁ရက် ထုတ်လွှင့်မှုအစီအစဉ်ကို တစ်ရက်ကြိုတင်၍ စမ်းသပ်သည့် အထိမ်းအမှတ်ပွဲကို ပေကျင်းမြို့၌ ဧပြီ ၃၀ရက်တွင် ကျင်းပသည်။

စီစဉ်ထား

ယင်းရုပ်သံအစီအစဉ်ကို နှစ်လကြာ စမ်းသပ်ထုတ်လွှင့်ပြီးနောက် ဇူလိုင် ၁ရက်နေ့မှစ၍ တောက်လျှောက်ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌ သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင် ၅၂၀ ရှိပြီဖြစ်

ကဘူးလ် မေ ၁

အာဖဂန်နစ္စတန်နိုင်ငံတွင် ပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး ဧပြီ ၃၀ ရက်၌ သေဆုံးခဲ့ရသည်။ ၂၀၁၀ ခုနှစ်တွင် အာဖဂန်နိုင်ငံ၌ သေဆုံးသည့်နိုင်ငံခြားတပ်ဖွဲ့ဝင်ပေါင်း ၁၇၂ဦးရှိခဲ့ကြောင်း နေတိုး အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့ဝင်များက ကြေညာသည်။ သို့သော် သေဆုံးသူတပ်ဖွဲ့ဝင်များ၏ အမည်ကိုမူ ကြေညာခြင်းမရှိခဲ့ပေ။

အများဆုံးဖြစ်

အာဖဂန်နိုင်ငံတွင် ဖြန့်ကြက်သည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ဦးရေ၏ သုံးပုံနှစ်ပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်။ ထိခိုက်သေဆုံးမှုတွင်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ အများဆုံးဖြစ်သည်။

ကျူးကျော်ဝင်ရောက်

အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၁ခုနှစ်တွင် ကျူးကျော်ဝင်ရောက်ပြီးနောက် အာဖဂန်နစ္စတန်၌ သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်စုစုပေါင်း ၅၂၀ ရှိသွားပြီဖြစ်သည်။ အသေအပျောက် အများဆုံးနှစ်မှာ ၂၀၀၉ ခုနှစ်ဖြစ်သည်။

(အင်တာနက်)

မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ

ဂျပန်နိုင်ငံ တိုချီဂီစက်မှုဇုန်ရှိ နစ်ဆန်းမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံအတွင်းရှိ လုပ်ငန်းခွင်ကို မေ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မိုဂါဒစ်ရှူး၌ တိုက်ပွဲဖြစ်ပွား ၁၅ဦးသေဆုံး

မိုဂါဒစ်ရှူး မေ ၁

ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူး၌ အာဖရိကသမဂ္ဂတပ်ဖွဲ့နှင့် အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားတို့ ပြင်းထန်သည့်တိုက်ပွဲဖြစ်ပွားရာ ၁၅ ဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်မီဒီယာက ဧပြီ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။

မျက်မြင်တွေ့ရှိ

ဆိုမာလီရှိ အာဖရိကသမဂ္ဂတပ်ဖွဲ့ (အေအမ်အိုင်အက်စ်အိုအမ်)ကို ပစ်မှတ်ထားလျက် ဧပြီ ၂၈ ရက်က မိုဂါဒစ်ရှူး၌ အသေခံကားဗုံး ဖောက်ခွဲမှုဖြစ်ပွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ရင်ဆိုင်ကြုံတွေ့

၁၉၉၁ ခုနှစ်ကတည်းက ဆိုမာလီယာ၌ ဖြစ်ပွားသည့်ပဋိပက္ခများကြောင့် လူဦးရေ၏ ထက်ဝက်နီးပါးရှိ ပြည်သူ ၃ဒသမ၈သန်းခန့်မှာ စားနပ်ရိက္ခာ အခက်အခဲများနှင့်ရင်ဆိုင် ကြုံတွေ့နေရသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယား ပြည်နယ်အတွင်း နှင်းမုန်တိုင်းကြောင့် ဆီးနှင်းခဲများ ဖုံးလွှမ်းခံရသော မော်တော်ယာဉ်တစ်စီးကို ဧပြီ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကရာချိမြို့၌ တိုက်ခိုက်၍ ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၁

အကြမ်းဖက်တိုက်ခိုက်မှု မကြာခဏဖြစ်ပွားသည့် ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် သီးခြားတိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် ရှစ်ဦးထက်မနည်းသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၃၀ရက်၌ ဖော်ပြသည်။

ပြောကြား

ဒေသခံဥပဒေပြုလွှတ်တော် အမတ်တစ်ဦး၏ နေအိမ်အား စောင့်ရှောက်နေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ကရာချိမြို့ ဆင်ခြေဖုံးဒေသတွင် သေနတ်ဖြင့် ဧပြီ ၂၉ ရက်တွင် ပစ်သတ်ခံရသည်ဟု ရုပ်မြင်သံကြား သတင်းထောက်တစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိ

နောက်ထပ်သီးခြား ဖြစ်ရပ်တစ်ခုတွင် မာဖီးယားမူးယစ်ဆေးဝါးဂိုဏ်းနှင့် ဒေသခံများ ရှာဂေါ့ဒေသတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိသည်။

ပစ်သတ်

အခြားဖြစ်ရပ်တစ်ခုတွင် သေနတ်သမားသုံးဦးက လုံခြုံရေးအစောင့်တစ်ဦးထံမှ ပစ္စတိုသေနတ်ကိုလုယူပြီး ဖြတ်သန်းသွားလာသူတစ်ဦးအား ပစ်သတ်ခဲ့သည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်သမ္မတဟူကျင်ထောင်း ကင်ညာသမ္မတနှင့်တွေ့ဆုံ

တရုတ်သမ္မတ ဟူကျင်ထောင်းသည် တရုတ်နိုင်ငံ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ကင်ညာနိုင်ငံသမ္မတကီဘာကီနှင့် ရှန်ဟိုင်းမြို့တွင် တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို မေ ၁ရက်၌ ဆွေးနွေးကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အလုပ်အကိုင်နှစ်သန်းခွဲကျော် ဘရာဇီးဖန်တီးမည်

ဘရာဇီးနိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း အလုပ်အကိုင်သစ် နှစ်သန်းခွဲကျော်ရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတလူလာဒါဆီးလ်ဗားက မေ ၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပါလက်စတိုင်းသမ္မတနှင့်တရုတ်သမ္မတတို့ တွေ့ဆုံဆွေးနွေး

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်နှင့် တရုတ်သမ္မတဟူကျင်ထောင်းတို့ မေ ၁ရက်က တွေ့ဆုံကာ ဒေသဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တောင်အမေရိကဝန်ကြီးများ ကျန်းမာရေးစီမံကိန်းဆွေးနွေး

တောင်အမေရိကသမဂ္ဂဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများသည် အီကွေဒေါ နိုင်ငံ ကွီတိုမြို့တွင် မေ ၁ရက်၌တွေ့ဆုံကာ တောင်အမေရိက၌ ကျန်းမာရေးငါးနှစ် စီမံကိန်းနှင့်ပတ်သက်ပြီး အမေရိကန်ဒေါ်လာ ၁၄သန်း ရင်းနှီးမြှုပ်နှံရေးကိစ္စကို ဆွေးနွေး ခဲ့ကြကြောင်း အီကွေဒေါကျန်းမာရေးအရာရှိများက ပြောကြားသည်။

အမေရိကန် အလက်စကာပြည်နယ်ကမ်းလွန်၌ ငလျင်လှုပ်

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ကမ်းလွန်တွင် မေ ၁ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၃ နှင့် ၆အဆင့် အင်အားရှိသည့် အင်အားပြင်းငလျင်နှစ်ခု လှုပ်သွားကြောင်း၊ ယင်းငလျင်နှစ်ခုမှာ ငါးမိနစ်အချိန်သာခြားပြီး လှုပ်သွားခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်အရာရှိများက မေ ၁ရက်၌ သတင်းထုတ်ပြန်သည်။

ဟွန်ဒါမော်တော်ယာဉ်များ ဈေးကွက်မှပြန်လည်သိမ်းဆည်း

အမေရိကန်ဈေးကွက်တွင် ရောင်းချဖြန့်ဖြူးထားသော ဟွန်ဒါမော်တော်ယာဉ် အစီးရေ ၁၆၇၀၀၀ကို ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း၊ အင်ဂျင်အစိတ်အပိုင်းအချို့ ပြုပြင်ဖြည့်ဆည်းရန်ရှိနေ၍ဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီက မေ ၁ရက်၌ သတင်း ထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများအနည်းငယ်မြင့်တက်လျက်ရှိရာ အမေရိကန် နိုင်ငံ နယူးယောက်မြို့ဈေးကွက်၌ မေ ၁ရက်က ရေနံစိမ်းတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၆ဒေါ်လာအထိ အနည်းငယ်မြင့်တက်ခဲ့ကြောင်း အမေရိကန် စွမ်းအင် အရာရှိများက ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ကွီတာမြို့တွင် မေ ၁ရက် နံနက်ပိုင်းက ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ *(အောက်ပုံ)*

တရုတ်မြို့ ၁၀၀တွင် အလုပ်အကိုင်လစ်လပ်မှုများဖြစ်နေ

တရုတ်နိုင်ငံရှိ မြို့ကြီး ၁၀၀တွင် အလုပ်အကိုင်အခွင့်အလမ်းများ လစ်လပ်လျက် ရှိရာ ယခုနှစ်ပထမလေးလတာကာလအတွင်း အလုပ်အကိုင် ၅ဒသမ ၅၂သန်း လစ်လပ်ခဲ့ကြောင်း တရုတ်နိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာနက မေ ၁ရက်၌ သတင်းထုတ်ပြန်သည်။ ***(အင်တာနက်)***

တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူမှောင်ခို၊ အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၉ရက်က ခရိုင်အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်း ဆွေးနွေးဟောပြောစဉ်။ (၀၁၆)

ဒီပဲယင်း၌ ကျေးလက်မူးကူးတံတားဖွင့်

ဒီပဲယင်း မေ ၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အင်တိုင်းကြီး ကျေးရွာအုပ်စု ကျေးလက်ဖွံ့ဖြိုးရေး မူးကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါမူးကူးတံတားမှာ အရှည်ပေ ၆၀၊ အကျယ် ၁၄ပေနှင့် အမြင့် ၁၂ပေရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း ၁၃၀ခန့် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကန်တော်ကြီးရေကန် တိုးချဲ့ဆောင်ရွက်

ဖျာပုံ မေ ၁

ဖျာပုံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် မြို့မရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေလျက်ရှိသည့် ကန်တော်ကြီးရေကန် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ရက်က စက်ယန္တရားများဖြင့် တာပေါင်ဖို့ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင် ကြီးကြပ်ဆောင်ရွက်မှုကို အင်ဂျင်နီယာမှူး ဦးတင်မောင်စိုး ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

အဆိုပါ ကန်တော်ကြီးရေကန်တိုးချဲ့ခြင်းကို မြို့ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ရေကန်တိုးချဲ့ပြီးစီးပါက ရေဂါလန်သန်း ၂၀ ပိုမိုသိုလှောင်နိုင်မည်ဟု သိရသည်။ **(၁၃၇)**

ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာစခန်း အခန်း(၇) တိုက်(၁၅)နေ ဒေါ်ခင်နှင်းသစ်နှင့် မိသားစုက ခင်ပွန်းဦးငွေထွန်း၊ ဖခင်ဦးပစ်စင်၊ မိခင်ဒေါ်ဖွားကြွယ်၊ ဒေါ်ငွေရင်၊ ဒေါ်သင်းမေ၊ အစ်မဒေါ်သိန်းမြင့်တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာ ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇာဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင် လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မီးသတ်ဝတ်စုံပေးအပ်ပွဲ ရေးမြို့မီးသတ်ရုံး၌ကျင်းပ

ရေး မေ ၁

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့သို့ ဝတ်စုံပေး အပ်လှူဒါန်းပွဲ အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ မတ် ၁၉ရက် နံနက် ၁၀နာရီခွဲ က ကျင်းပသည်။

လှူဒါန်း

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌများနှင့် အရန်မီးသတ်တပ်ဖွဲ့တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက မီးသတ်ဝတ်စုံလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးသတ်ဝတ်စုံ အစုံ ၃၀ကို မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသီဟနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းတို့က ပေးအပ်လှူဒါန်းကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုးနဲ၌ သုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရေရှည်တည်တံ့ရေး စာအုပ်စာစောင်များလှူဒါန်း

မိုးနဲ မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် မိုးနဲမြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ နှင့်ပူးပေါင်း၍ နိုင်ငံတော်၏ မတည်ငွေဖြင့် ဆောက်လုပ်သော နားခံကျေးရွာအုပ်စု ဝမ်ယေးကျေးရွာ သုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပ သည်။

ဖွင့်လှစ်

ရှေးဦးစွာ သုတစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ် ကျော်သက်ထွန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးနန္ဒိယတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။ **(ယာပုံ)**

လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာကြည့်တိုက် အဆောက်အအုံသစ်ဆောက် လုပ်ရခြင်းကိုလည်းကောင်း၊ ရေရှည်တည်တံ့ ရေးနှင့် စာကြည့်တိုက်တွင် စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကိုလည်းကောင်း ရှင်းလင်း ပြောကြားပြီး စာအုပ်စာစောင် ၂၅၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ စာကြည့်တိုက် တာဝန်ခံက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးရှောင် မလောင်ခင်တား

မြန်မာ့သစ်မာပရိဘောဂပြပွဲ (၂၀၁၀) ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့အား လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များမှာကြားပြီး အမှတ်(၂) ရပ်ကွက်ရှိ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု၊ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုနှင့် ဖုံး၊သွန်၊လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပသော မြန်မာ့သစ်မာပရိဘောဂပြပွဲ(၂၀၁၀)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူတို့က မြန်မာ့သစ်မာပရိဘောဂပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင်က ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အဖွင့်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင် မြန်မာ့သစ်မာပရိဘောဂပြပွဲ(၂၀၁၀) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင်ဘတ်စကက်ဘော အားကစားသမားဟောင်း ဦးမြင့်သိန်း အမျိုးသား အသက်(၂၀) အောက် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမရရှိသော သံလွင်အသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။ (ဘတ်စကက်ဘောအဖွဲ့ချုပ်)

၂၀၁၀ ခုနှစ် နွေရာသီ ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင်ဒေါ်စုစုမွန်က အမျိုးသမီးအသက်(၁၆)နှစ်အောက် ပြိုင်ပွဲတွင် ဒုတိယ (Black Ice) အသင်းနှင့် ပထမ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့အားလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့်က အမျိုးသား အသက်(၁၆)နှစ်အောက် ပြိုင်ပွဲတွင် တတိယ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဒုတိယ (VENOM) အသင်းနှင့် ပထမ ရှမ်းပြည်နယ်(မြောက်ပိုင်း- DGH)တို့အားလည်းကောင်း၊ အမှုဆောင်ဒေါ်ကြူကြူက အမျိုးသမီးအသက်(၂၀)အောက် ပြိုင်ပွဲတွင် တတိယ (PRECIOUS) အသင်း၊ ဒုတိယ စစ်ကိုင်းတိုင်းအသင်းတို့အားလည်းကောင်း၊ အမှုဆောင် ဒေါ်ခင်အုန်းမြင့်က ပထမရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ အမှုဆောင် ဦးခင်ဟိုက အမျိုးသား အသက်(၂၀)အောက်ပြိုင်ပွဲတွင် တတိယ (EAGLE) အသင်း၊ ဒုတိယ ရှမ်းပြည်နယ် (မြောက်ပိုင်း- DGH)နှင့် ပထမ သံလွင်အသင်းတို့အားလည်းကောင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများမှ တက်သစ်အကောင်းဆုံး အားကစားသမားဆုရရှိကြသော မဟေမာ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မောင်ဂူချစ်စိန် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့အားလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဘတ်စကက်ဘော ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက အသက်(၂၀)အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများမှ တက်သစ်အကောင်းဆုံး အားကစားသမားဆုရရှိကြသော မရီရီအောင် [အမှတ်(၁)စက်မှုဝန်ကြီးဌာန]နှင့် မောင်ကောင်းဆုသာ (သံလွင်အသင်း)တို့ အားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

တံခွန်စိုက်ဆု

ထို့နောက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌမြန်မာ့လက်ရွေးစင်ဘတ်စကက်ဘော အားကစားသမားဟောင်း ဦးမြင့်သိန်းက အမျိုးသမီး အသက်(၁၆)နှစ်အောက် ပြိုင်ပွဲတွင် ပထမရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အမျိုးသား အသက်(၁၆)နှစ်အောက် ပြိုင်ပွဲတွင် ပထမရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ အမျိုးသမီး အသက်(၂၀) အောက်ပြိုင်ပွဲတွင် ပထမရရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် အမျိုးသား အသက် (၂၀)အောက် ပြိုင်ပွဲတွင် ပထမရရှိသော သံလွင်အသင်းတို့အား တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာနေပြည်သူများ စာဖတ်သည့်အလေ့အကျင့်များရရှိစေရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်သည် ဧပြီ၂၄ရက်မှ ၂၈ရက်အထိ ချင်းပြည်နယ်(မြောက်ပိုင်း) တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ရိခေါဒါရ်၊ ဖလမ်း၊ ဟားခါးနှင့် ထန်တလန်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများသို့ သွားရောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိမိရုံး၊ စာကြည့်တိုက်များ စံပြဖြစ်ရေးနှင့် စံ(၅)ရပ်နှင့် ညီညွတ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ရေးအတွက် မီဒီယာနည်းလမ်းဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရေး စသည်ဖြင့် မှာကြားခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

ညွှန်ကြားရေးမှူးချုပ်သည် ခရီးစဉ်အတွင်း တီးတိန်မြို့နယ် လိုင်တွီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင် ၁၅၀၊ ဖလမ်းမြို့နယ် ကြောင်ဟဲင်ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ရသစာအုပ်စာစောင် ၅၀ နှင့် ရန်ပုံငွေကျပ် ၃၀၀၀၀၊ လုံပီးကျေးရွာ ဦးဥတ္တမသာရ စာကြည့်တိုက်အတွက် သုတ၊ရသစာအုပ် စာစောင် ၅၀နှင့် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ ဖိန်မှု စာကြည့်တိုက်အတွက် သုတ၊ရသ စာအုပ်စာစောင်၅၀၊ ဖလမ်းမြို့နယ် ဗားလုံကျေးရွာ စာကြည့်တိုက်အတွက် သုတ၊ရသစာအုပ်စာစောင်၅၀တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး ကျေးရွာနေပြည်သူများ စာဖတ်သည့် အလေ့အကျင့်များရရှိစေရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ခိုင်မာရေးကို စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီများက ဒုတိယဘုန်းတော်ကြီးကျောင်းသဖွယ် ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ
ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

၃-၅-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅	တရားတော် **(အင်္ဂုလိမာလသုတ်+ ဓဇဂ္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၁၀:၀၀	အမှတ်တရတေးလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၀:၄၅	လယ်ယာစီးပွား (ဈေးကွက်ဝင်အချိန်ကိုက်ကြက်သွန်နီစိုက်) တေးသီချင်း
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	မေတို့တွက်တာအလှကမ္ဘာ (အရေပြားတွေရဲ့ အခန်းကဏ္ဍနဲ့ အရေးပါပုံ)
၁၁:၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀	သိပ္ပံပညာသိကောင်းစရာ-(မိုက်ကယ်ဖာရာဒေး-ဒေါက်တာခင်မောင်ညို)
၁၁:၄၀	တေးပဒေသာ
၁၂:၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂:၁၅	အလုပ်အကိုင်အခွင့်အလမ်း (သိပ္ပံနဲ့နည်းပညာ)
၁၂:၂၀	တေးပဒေသာ
၁၂:၃၀	အားကစားသတင်းပဒေသာ
၁၂:၄၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကိုယ်လက် လှုပ်ရှားမှုအကြောင်း)
၁၇:၁၀	ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၅	အင်္ဂလိပ်စာသုတပဒေသာ (5)
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၁၀	ရေဒီယိုဇာတ်လမ်းတွဲများ ပြာလွင်ကမ္ဘာအခရာ(အပိုင်း-၁) နိုင်ငံရေးဦးတည်ချက်
၁၉:၄၀	ပြုံးပဒေသာ(ဟာသကမ္ဘာ-၁၂) တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (နေဆန်းနဲ့ ဇနီးချောစု)
၂၀:၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁:၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၁၆) ဖြန့်ချိ

ရန်ကုန် မေ ၁

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၁၆)၌ ယာဉ်စီးခပိုငွေပြန်မအမ်းသည့် ယာဉ်နောက်လိုက်များ ကားလိုက်ခွင့် ရာသက်ပန်ပိတ်ပင်မည်၊ ပြည်ပသွားမြန်မာခရီးသည်တစ်ဦးလျှင် ရွှေတစ်ကျပ်သားထက် ပိုသယ်ခွင့်မပြုတော့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပါတီထောင်၊ ရာသီဥတုပူပြင်းမှုက အသက်အန္တရာယ်စိုးရိမ်ရသဖြင့် သတိထားရန်လို၊ စစ်တွေမြို့အနီး အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်သွားခဲ့၊ စီအင်န်ဂျီဓာတ်ငွေ့ကားများ ဓာတ်ဆီပါ အသုံးပြုမောင်းနှင်လာရ၊ ယခုလအတွင်း ဖြစ်ပွားခဲ့သော လေပြင်းတိုက်မှုများက အပူချိန်မြင့်တက်လာခြင်းကြောင့်ဖြစ် စသည့် ပြည်တွင်းသတင်းများနှင့်အတူ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် အယူအဆနှင့် အကျိုးဆက်များ-၄၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်မယ်ဆိုတဲ့စိတ်နဲ့ နိုင်ငံရေးလောကထဲကို ပြန်ဝင်လာခဲ့တာပါ POLITICAL CO LUMN ရွေးကောက်ပွဲအထူးကဏ္ဍများ၊ မောင်တောတောင်ပိုင်း ပင်လယ်ကမ်းစပ်အနီးမှ ကျောက်ပန်းတူ (ကျောက်ဆေးတံ)နှင့် ထူးဆန်းထွေလာတွေ့ရှိချက်များ Myanmar Discovery၊ ပင်လယ်ကမ်းစပ်မှာ အပန်းဖြေရအောင်၊ ခေတ်သစ် အင်္ဂုလိမာလယန္တရားကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ချူကလီးယားလက်နက်တွေနဲ့ ကမ္ဘာကြီးဟာ အန္တရာယ်ကြီးတယ်၊ ဂျပန်နိုင်ငံခြားရေးမူဝါဒကျွမ်းကျင်သူ ဂျိုးဆက်ဂျန်နင်းနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ မိသားစုဝင်တစ်စုက လူတစ်ဦးအား အိမ်တွင် ကျွန်အဖြစ်ချုပ်နှောင်ကာ နှိပ်စက်သတ်ဖြတ်၍ ခန္ဓာကိုယ်ကို အပိုင်းပိုင်း ဖြတ်တောက်ကာစွန့်ပစ်ခဲ့၊ နေ၏အနီးကပ်ပုံရိပ်များကို Nasa ထုတ်ဖော်ပြသ၊ တရုတ်နိုင်ငံတွင် ငလျင်ဒဏ်ကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲမှုအထိမ်းအမှတ်ကျင်းပ၊ ဂျပန်နိုင်ငံတွင် ဆင်းရဲသားများ တိုးပွားလာမှုပြဿနာနှင့် ရင်ဆိုင်နေရ၊ ရှန်ဟိုင်းကို ရင်ခုန်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းက ကမ္ဘာ့အရေးအကြီးဆုံးပြဿနာဖြစ်၊ တရုတ်လယ်သမားတစ်ဦးက စက်ရုပ် ၄၇ ရုပ်ကိုတီထွင်၊ အသက် (၁၂)နှစ်အောက် ကလေးများ မိုဘိုင်းလ်ဖုန်းအသုံးမပြုသင့် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၅	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၁၀	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၂၅	၇။	တေးဂီတအစီအစဉ်
၈:၄၀	၈။	International News
၈:၅၅	၉။	Connect with English (Gifts)
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၀	၃။	တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၄)
၁၂:၃၀	၅။	Golf Magazine (TV)
၁၂:၅၀	၆။	မြန်မာရုပ်ရှင် **ချစ်တဲ့သူငယ်လေ** မောင်ရှုပ၊ မေဝင်းမောင် (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၄:၅၀	၇။	International News
၁၅:၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဒယ်လ်တာယူနိုက်တက် FC အသင်းနှင့် ရန်ကုန်ယူနိုက်တက် FC အသင်း)
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	ကာတွန်းအစီအစဉ် BUGS's ADVENTURES (အပိုင်း-၁၁)
၆:၄၀	၆။	တစ်မျက်နှာ တစ်ကွက်စာ **မြေးအဘိုးအော်ပရေးရှင်း** ဇော်ဦး၊ ခိုင်ခန့်၊ ချစ်နှင်းပွင့်၊ ရဲလေး (ဒါရိုက်တာ-တင်မောင်အေး)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာ ခွင့်လွှတ်ပါ** (အပိုင်း-၄)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂၀)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၄)
	၁၃။	ရုပ်သံကြယ်ပွင့်များ
	၁၄။	အစီအစဉ်ပြီး၏။

ဦးမျိုးလင်းထွန်း (တာဝန်ခံ-ဟုမ္မလင်းတယ်လီဖုန်းအိတ်ချိန်း)။

❍ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့သည် မြန်မာနိုင်ငံ၏ နာဂတောင်တန်းသို့အဝင် အထက်ချင်းတွင်းဆိပ်ကမ်းတွင် တည်ရှိသည့် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ရာ မြို့တစ်မြို့ဖြစ်သည်။

အဓိကအချက်များ

ဟုမ္မလင်းမြို့သို့ မြန်မာနိုင်ငံ အောက်ပိုင်းရှိ မြို့ကြီးများမှ လူနှင့် ကုန်ပစ္စည်းတို့ကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် အလွယ်တကူ အလျင်အမြန်နေ့ညမရွေး သွားလာသယ်ယူနိုင်နေခြင်းသည် စစ်ကိုင်းတိုင်း ချင်းတွင်းအထက်ပိုင်းဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက် စည်ပင်ဝေဆာနေမှု၏ အဓိက ပြယုဂ်များပင်ဖြစ်သည်။

သယ်ယူနိုင်

ဟုမ္မလင်းမြို့မှ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ မုံရွာ၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ နေပြည်တော်၊ တောင်ငူ၊ ပဲခူး၊ ရန်ကုန်မြို့များသို့ မော်တော်ယာဉ်ဖြင့် နေ့၊ ည ရာသီမရွေး ခရီးသွားလာနိုင်သည်။ တစ်ဖန်ရေကြောင်းပို့ဆောင်ရေး ခရီးစဉ်ဖြင့်လည်း ခန္တီးမြို့၊ မုံရွာမြို့များသို့ သလ္လာဝတီ(၁)မှ (၆)အထိ ကင်ပွန်းတပ်ထားသည့် နှစ်ထပ်သင်္ဘောကြီးများအပြင် ငုဝါ၊ သိင်္ဂီမိုး၊ ကျော်ဇင်ထွန်း၊ ကြည်သာအောင် စသည့် အမြန်ရေယာဉ်များဖြင့် စိတ်အေးချမ်းသာစွာ ခရီးသွားနိုင်ပြီး ကုန်ပစ္စည်းမျိုးစုံတို့ကိုလည်း နေ့စဉ် သယ်ယူပို့ဆောင် ရောင်းဝယ်ဖောက်ကားနိုင်သည်။

ဖွံ့ဖြိုးစည်ပင်

ဟုမ္မလင်းမြို့ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုကြောင့်ပင် ဖြစ်သည်။ ခန္တီးမြို့မှ ဟုမ္မလင်းမြို့၊ မုံရွာမြို့အထိ ချင်းတွင်းအမြန်ရေယာဉ်များဖြင့် ခန္တီးမှ ဟုမ္မလင်း ၈နာရီ၊ ဟုမ္မလင်းမှ မင်းကင်းသို့ ၁၀နာရီ၊ မင်းကင်းမှ မုံရွာသို့ ၆နာရီခရီးဖြင့် သွားလာနိုင်ပြီဖြစ်သည်။ လေကြောင်းခရီးစဉ်ဖြင့်ဆိုလျှင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟုမ္မလင်းလေဆိပ်သို့ ၁နာရီ မိနစ် ၄၀၊ ခန္တီးလေဆိပ်သို့ ၂နာရီအတွင်းရောက်ရှိအောင် ခေတ်မီလေယာဉ်ကြီးများ ပျံသန်းပြေးဆွဲနိုင်ခြင်းသည် မြန်မာပြည် ချင်းတွင်းအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသ၏ ခန္တီးခရိုင် ဟုမ္မလင်းဒေသတစ်ခွင် ဖွံ့ဖြိုးစည်ပင် တိုးတက်လာခြင်း၏ အဓိကကျသည့် အချက်များပင်ဖြစ်သည်။

"ဟုမ္မလင်းမြို့နယ် ဒေသတစ်ခုလုံးကို ညီနောင်မြို့ကြီးများလို ရင်ပေါင်တန်းပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု စတဲ့ ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံတိုင်းရင်းသားပြည်သူတွေနဲ့ တာဝန်ရှိသူတို့ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်နေပါတယ်။ ဟုမ္မလင်းမြို့ရဲ့ တိုးတက်မှုနဲ့ ရှေပြည်အေးမြို့သစ်ရဲ့ ဖွံ့ဖြိုးစည်ပင် တိုးတက်လာမှုကတော့ အများကြီးပါ။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတော့ လူမှုရေးလည်း တစ်ပါတည်း တိုးတက်လာပါတယ်။ စီးပွားရေးလုပ်ငန်းကြီးတွေအနေနဲ့ အုန်းစိုက်ပျိုးရေး၊ ရော်ဘာစိုက်ပျိုးရေး၊ တိရစ္ဆာန်(ကျွဲ၊ နွား၊ ကြက်၊ဝက်)မွေးမြူရေး၊ ဆန်စပါးစိုက်ပျိုးရေး၊ ကမ်းနီး ငါးဖမ်းခြင်းလုပ်ငန်း၊ ရွှေလုပ်ငန်း၊ သစ်လုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်း၊ အမြန်ရေယာဉ်လုပ်ငန်းများ လုပ်ကိုင်ကြပါတယ်"ဟု ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက ရှင်းပြသည်။

ခရီးဓမ္မဒါနအလုပ်

တစ်ဖန် ပြည်တွင်းရေကြောင်း သွားလာမှုနှင့် ပတ်သက်ပြီး "တိုင်းရင်းသားလူမျိုးပေါင်းစုံ ချင်းတွင်းမြစ်တစ်လျှောက်ကူးလူးစုန်ဆန်၊ နေ့စဉ် လူထောင်ချီ ခရီးသွားလာနေကြပါတယ်။ ဒါဟာ ဟုမ္မလင်းဒေသ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှုနဲ့ အပြန်အလှန် အကျိုးပြုနေပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဝန်ထမ်းတစ်ဦးအနေနဲ့ သလ္လာဝတီ(၁)မှ (၆)အထိ သင်္ဘောကြီးပေါ်မှာ စီးနင်းလိုက်ပါလာကြသူတွေကို မြင်တွေ့ရတိုင်း စိတ်ထဲ အတောမသတ် ဝမ်းသာကြည်နူးမိရပါတယ်။ နေ့စဉ် နေ့တိုင်း ခရီးသွားပြည်သူများ ကောင်းကျိုးသယ်ပိုးရသူ ခရီးဓမ္မဒါနအလုပ်ဖြစ်တာမို့ စိတ်ထဲဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြည်တွင်းရေကြောင်း(ဟုမ္မလင်း) မန်နေဂျာဦးအောင်ဝင်း(မြောင်)က ဖြည့်စွက် ပြောကြားသည်။

"စက်ယန္တရား ခေတ်မီတိုးတက်လာခြင်း၊ နည်းပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်လာပြီး မုံရွာက မော်လိုက်ကို ၁၀ နာရီ၊ မော်လိုက်ကနေ ဟုမ္မလင်းကို ၁၂ နာရီ၊ ဟုမ္မလင်းကနေ ခန္တီး(ဆင်သေ)ကို ၁၁နာရီနဲ့ အလွယ်တကူ ကုန်ရောလူပါ သွားလာပို့ဆောင်နိုင်ပြီဖြစ်တာမို့ ဝမ်းသာကြည်နူးမိပါတယ်"ဟု စက်တပ်ရေယာဉ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင် ဦးမြဝင်းက ပြောကြားသည်။

အမြန်ရေယာဉ်ပြေးဆွဲရေးစီမံကိန်း

"စစ်ကိုင်းတိုင်း ချင်းတွင်းအထက် မုံရွာ၊ မော်လိုက်၊ ဟုမ္မလင်း၊ ခန္တီးနှင့် ဟုမ္မလင်းမှ နောင်ပိုအောင်၊ နမ့်တောဒေသသို့ အမြန်ရေယာဉ်ပြေးဆွဲရေး စီမံကိန်းကို ငုဝါအမြန်ရေယာဉ်အုပ်စုက ၁၉၉၂ ခုနှစ်မှ စတင်၍ အမြန်ရေယာဉ်ရှစ်စီးဖြင့် ပြေးဆွဲပေးနေကြောင်း နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို လိုက်နာ၍ နေ့စဉ်ပုံမှန် ခရီးသည်တင်ဆောင်ပြေးဆွဲရေး စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း၊ ဒေသခံပြည်သူတို့အား မေတ္တာဒါန အလှူအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း" စီမံကိန်း တာဝန်ခံ ဦးမြင့်သိန်း(သူကြီး)က ပြောပြသည်။

"အရင်နဲ့တော့ မတူတာ အမှန်ပါပဲ၊ ချင်းတွင်းမြစ်အထက် ဟုမ္မလင်းဒေသမှာ အခုတော့ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်း ခရီးစဉ်တွေကို နိုင်ငံတော်ရဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ဒေသခံတွေရဲ့ ညီညာကြိုးပမ်း ဆောင်ရွက်ကြမှုကြောင့် သွားလမ်းလာလမ်း ဖြောင့်တန်းနေပါပြီ။ ရန်ကုန်၊ ဟုမ္မလင်း လေယာဉ်ခရီးစဉ်ဟာ ၁ နာရီ မိနစ် ၄၀ သာ အချိန်ပေးရသလို

စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဤသို့ စုပေါင်းစိုက်ပျိုးကြသည်။

ငုဝါ အမြန်ရေယာဉ်၊ သလ္လာဝတီသင်္ဘောကြီးတွေနဲ့ ခရီးသွားရင်လည်း မုံရွာမြို့မှ ဟုမ္မလင်းမြို့သို့ နှစ်ရက်သာ ကြာမြင့်ပြီး ဟုမ္မလင်းမြို့မှ ခန္တီးမြို့သို့ တစ်ရက်ခရီးနဲ့ ရောက်နိုင်ပြီဖြစ်လို့ ဟုမ္မလင်း၊ နောင်ပိုအောင်၊ နမ့်တောသားတွေပါ ဝမ်းသာကြည်နူး ပြုံးပျော်ရွှင်နေပြီး နိုင်ငံတော်ကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်နေကြပါတယ်"ဟု ပါရမီလူမှုရေးအသင်း စာရေးဆရာ ဟုမ္မစစ်သည်က ပြောကြားသည်။

"ဟုမ္မလင်း မြို့သူမြို့သားတွေ စုပေါင်းပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဆွမ်းဆန်စိမ်း ဆက်ကပ်လှူဒါန်းမှုတွေ ဆောင်ရွက်ကြသလို ပညာရည် မြင့်မားတိုးတက်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကိုလည်း အင်အားအပြည့်ဖြင့် ညီညာစွာ လုပ်ကိုင်ဆောင်ရွက်နေကြပါတယ်"ဟု ရပ်မိရပ်ဖ ဦးထွန်းရွှေ (နောင်ပကျစ်)က ပြောကြားသည်။

ဖြည့်ဆည်းပံ့ပိုး

"ဟုမ္မလင်းမြို့ ဟုမ္မလင်းဒေသတစ်ခုလုံးရဲ့ သဘာဝ သယံဇာတတွေဖြစ်တဲ့ ကျောက်သံပတ္တမြားနဲ့ ရွှေအပါအဝင် မြေအောက်၊ ရေအောက်မှ ရရှိနေသော ရတနာတွေသာမက မြေပေါ်ရတနာတစ်ပါးဖြစ်သော ရွှေဖြူခေါ် ရော်ဘာနှစ်ရှည်ပင်ကို စိုက်ပျိုးခြင်းဖြင့် အနာဂတ် ချင်းတွင်းမြစ်တစ်လျှောက် နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေနိုင်တာမို့ အဓိက ရော်ဘာ ရွှေဖြူထွက်ရှိရာ အရပ်ဒေသအဖြစ် အမြစ်တွယ် အခြေချနိုင်ရေး နိုင်ငံတော်မှ ဖြည့်ဆည်းပံ့ပိုး ကူညီပေးနေမှုကို စီမံကိန်းရေးဆွဲ စိုက်ပျိုးလုပ်ကိုင်နေပါတယ်။ ဒါ့အပြင် ဟုမ္မလင်းမြို့ စည်ပင်သာယာရေးအတွက် ကမ်းနားလမ်းတစ်လျှောက် အင်းပေါက်ချောင်းကို ဖြတ်ပြီး မြစန္ဒာတံတားသစ်ကြီးကို တည်ဆောက်လုပ်ကိုင်ရင်း လမ်းဒါန ကုသိုလ်အလှူကို စိတ်တူကိုယ်တူ ပုဂ္ဂိုလ်တွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နေပါတယ်"ဟု ကိုဖိုးတာ(ခ) ဦးကျော်စွာလွင် (မြသရဖူရော်ဘာခြံ)က တက်ကြွစွာ ပြောပြသည်။

အောင်မြင်မှုရလဒ်

"ဟုမ္မလင်းဒေသဟာ မြေဆီလွှာကောင်းပြီး ရာသီသီးနှံတွေ၊ နှစ်ရှည်သီးနှံတွေ စဉ်ဆက်မပြတ် စိုက်ပျိုးနေတဲ့ အလျောက် လက်ဖက်၊ ကော်ဖီ၊ ငရုတ်ကောင်း၊ ရွှေလိမ္မော်၊ ဆန်စပါးတွေ ဖြစ်ထွန်းအောင်မြင်ပါတယ်။ ဒီလို အောင်မြင်ဖို့အတွက်လည်း ဒေသခံ တောင်သူလယ်သမားများကို စည်းရုံးအားပေးတာတွေ၊ စိုက်ပျိုးရေးအသိပညာပေး ဟောပြောတာတွေ၊ စုပေါင်းစိုက်ပျိုးရေးပွဲတော်တွေ၊ ကောက်စိုက်ပြိုင်ပွဲတွေ ကျင်းပပေးခဲ့ပါတယ်။ အခုတော့ အောင်မြင်မှုရလဒ်တွေကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းအမ်းတော်က ကြည်နူးစွာပြောပြသည်။

"၁၉၉၂ ခုနှစ်က လက်လှည့်တယ်လီဖုန်း အိတ်ချိန်းစနစ်၊ ၂၀၀၉ခုနှစ် ဇူလိုင်လအထိ ကြိုးဟ်တ အဝေးဆက်သွယ်ရေးစနစ် အသုံးပြုရာကနေ ယခု စက်တင်ဘာလမှာ MC Will Multi Carrier Wereless Local Loop စနစ်နဲ့ ဟုမ္မလင်းမြို့မှာ တယ်လီဖုန်း အလုံး ၁၀၀၀၊ ခန္တီးမြို့မှာ အလုံး ၂၀၀၀ အောင်မြင်ပြီးမြောက်အောင် တပ်ဆင်ဆောင်ရွက်နိုင်ပြီး ဖြစ်ပါတယ်"ဟု ဟုမ္မလင်း တယ်လီဖုန်း အိတ်ချိန်းတာဝန်ခံ ဦးမျိုးလင်းထွန်းက ပြောပြသည်။

သဘာဝသယံဇာတ

ချင်းတွင်းမြစ် အထက်ပိုင်းတစ်လျှောက် မြေအောက်၊ ရေအောက် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် တိုင်းရင်းသားစုံညီ စုစည်းနေထိုင်သော ဟုမ္မလင်းဒေသတစ်ခွင် ဖွံ့ဖြိုးတိုးတက်နေမှုသည် အံ့မခန်းနိုင်လောက်သည်အထိ ဖြစ်နေသည်ကို တွေ့မြင်ရသည်။ ဒေသခံပြည်သူများ စည်းလုံးကြိုးပမ်း အားထုတ်ရွက်ဆောင်မှု အောင်မြင်မှုပြယုဂ်ဖြစ်သည့် ဟုမ္မလင်းမြို့သည် အနာဂတ် မျိုးဆက်သစ်တို့အတွက် အားမာန်အပြည့်ဖြင့် ဖွံ့ဖြိုးစည်ပင် တိုးတက်ထွန်းပြောင် လင်းလက်နေပြီဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ဟုမ္မလင်းမြို့နယ် ရှေပြည်အေး အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံ။

အမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၂ရက်က အမ်းမြို့ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ပျိုးထောင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ပျိုးထောင်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ဟင်းရွက်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုနှင့် ရေဖြန့်ဝေပေးနိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဧပြီ ၂၄ရက်တွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမ်း-တပ်တောင်ကားလမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် အမ်း-တပ်တောင်ကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးသည် ဂဏန်းပြင်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ဆက်လက်၍ ဂဏန်းပြင်ကျေးရွာ ဘဝအရဏ်ဦးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာကြည့်တိုက်

ရှေးဦးစွာ တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကံဘွေကျေးရွာရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာအတွင်း သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဆည်ပြုလုပ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဖွံ့ဖြိုးရေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဧပြီ ၂၅ရက်တွင် အမ်းမြို့နယ်ရှိ ကျေးရွာများ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ မိုးရွာဖွယ်

နေပြည်တော် မေ ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၁၀ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွိုင်ကော်မြို့တွင် ၀ ဒသမ ၆၃ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၂ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

ရှန်ဟိုင်း ကုန်စည်ပြပွဲ မြေပုံကြမ်း။

အင်ဒိုနီးရှားပြခန်းဆောင်မှာ ရိုးရာမပျက် ခေတ်သစ်လူနေမှုပုံစံကို သရုပ်ဖော်ထားသည်။

✻ ရှေ့ဖုံးမှ

မြန်မာသတင်းအဖွဲ့သည် ဧပြီ ၁၈ရက်တွင် ရှန်ဟိုင်းမြို့၌ ၂၀၁၀ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲအတွက် ပြင်ဆင် ဆောင်ရွက်ထားမှုများကို ကွင်းဆင်းလေ့လာခဲ့သည်။

ပြင်ဆင်ထား

ရှန်ဟိုင်းကုန်စည်ပြပွဲကို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပနိုင်ခြင်းမှာ အိမ်ရှင်နိုင်ငံအတွက်ရော မိတ်ဆွေ အာရှနိုင်ငံများအတွက်ပါ ဂုဏ်ယူစရာဖြစ်သည်ဟု မိမိတို့သတိပြုမိသည်။ ၂၀၁၀ခုနှစ်၏ ပြက္ခဒိန်တွင် အထူးခြားဆုံး နိုင်ငံတကာပြပွဲကြီးတစ်ရပ်ကို ဝှဲချီးကျင်းပနိုင်ရန် အိမ်ရှင်နိုင်ငံနှင့်တကွ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက အစွမ်းကုန်ပြင်ဆင်ထားကြသည်ကို တွေ့မြင်ခဲ့ရသည်။

ကုန်စည်ပြပွဲကျင်းပရာ ရှန်ဟိုင်းမြို့သည် သမိုင်းအစဉ်အလာအရ တရုတ်နိုင်ငံရှိ မြို့ကြီးများအနက် ပြင်ပကမ္ဘာနှင့် ထိတွေ့ဆက်ဆံမှုအများဆုံးမြို့ကြီးဖြစ်သည်။ လူဦးရေ ၂၂သန်းခန့်ရှိ ရှန်ဟိုင်းမြို့သည် ''တစ်ကမ္ဘာလုံးစီးပွားရေးအရ ပေါင်းစည်းလှုပ်ရှားရေး'' (Globalization) ရေစီးကြောင်းနှင့်အတူ အလိုက်သင့် မျောပါနေသော မဟာမြို့ကြီးဖြစ်သည်။

လှလှပပ

ကမ္ဘာ့ကုန်စည်ပြပွဲကျင်းပရာ နေရာမှာ ၅ ဒသမ ၂၈ စတုရန်းကီလိုမီတာအထိ တစ်နံတစ်လျားတည်ရှိပြီး ရှန်ဟိုင်းမြို့ကို ဖြတ်သန်းစီးဆင်းနေသော ဟွန်ပူမြစ်၏ မြစ်ကမ်းနှစ်ဖက်စလုံးပေါ်တွင် ပြခန်းများကို စီစီရီရီ လှလှပပ ရှုစားကြရသည်။ အတိအကျဆိုရသော် ကုန်စည်ပြပွဲ၏ မြေနေရာ ၃ ဒသမ ၉၃ စတုရန်းကီလိုမီတာမှာ ဖူတုန်းမြို့သစ် (ဟွန်ပူမြစ်၏အရှေ့ဘက်မြစ်ကမ်း)၌ တည်ရှိပြီး ၁ ဒသမ ၃၅စတုရန်းကီလိုမီတာမှာ မြစ်အနောက်ဘက်ကမ်းရှိ မြို့ဟောင်းတည်ရှိရာ ပူရှီးအရပ်၌ တည်ရှိသည်။

ရှန်ဟိုင်း ကုန်စည်ပြပွဲအတွက် ကြီးကျယ်ခမ်းနားလှသော ပြခန်းအဆောက်အအုံများ တည်ဆောက်နိုင်ရန် နိုင်ငံတကာ အစိုးရအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကော်ပိုရေးရှင်းများက ငွေကြေးများစွာ ကျခံသုံးစွဲခဲ့ကြရသလို ပါဝင်ပြသသည့် နိုင်ငံများမှ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက စရိတ်စကများစွာကို ကျခံသုံးစွဲခဲ့ကြသည်။ ကောက်နုတ်ဖော်ပြရသော် ဂျပန်ပြခန်းအတွက် ဒေါ်လာ ၁၄၃သန်း၊ ပြင်သစ်ပြခန်းအတွက် ဒေါ်လာ ၇၅သန်း၊ ဂျာမနီပြခန်းအတွက် ဒေါ်လာ သန်း ၄၀၊ ရုရှားပြခန်းအတွက် ဒေါ်လာ ၃၆သန်း၊ ဩစတြေးလျပြခန်းအတွက် ဒေါ်လာ ၇၆သန်း ကျခံသုံးစွဲခဲ့ရသည်ဟု လေ့လာသိရှိရသည်။

အင်တိုက်အားတိုက်

ရှန်ဟိုင်းမြို့တွင် ကုန်စည်ပြပွဲကျင်းပနိုင်ရန် ရှစ်နှစ်ခန့်မျှ အချိန်ယူပြင်ဆင်ခဲ့ကြသည်။ ကုန်စည်ပြပွဲမကျင်းပမီ အကြိုကာလအတွင်း လေဆိပ်ခရီးသည်များ နားနေဆောင်အသစ်များ၊ မြေအောက်ရထားလမ်းသစ်များ၊ အမြန်လမ်းမကြီးများ၊ ဟိုတယ်များ၊ တည်းရိပ်သာများစသည့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ခဲ့သည်။

ရှန်ဟိုင်းမြို့၏ အခြေခံအဆောက်အအုံ လုပ်ငန်းစီမံကိန်းများအနက် အရေးပါသော စီမံကိန်းတစ်ခုမှာ နိုင်ငံတကာလေဆိပ်အနီး ဘူတာရုံသစ်ကြီးများ တည်ဆောက်ခြင်းဖြစ်သည်။

ခန့်မှန်းထား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့သည် ကုန်စည်ပြပွဲအတွက် ပြင်ဆင်ဆောင်ရွက်ရာတွင် ဒေါ်လာ ငွေ ဘီလီယံပေါင်းများစွာ ကျခံသုံးစွဲခဲ့သည်။ အခြေခံ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများကိုပါ ထည့်သွင်းတွက်ချက်မည်ဆိုလျှင် ဒေါ်လာ ၅၈ ဘီလီယံအထိ ကျခံသုံးစွဲခဲ့သည်ဟု ခန့်မှန်းထားသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲကို မေ ၁ရက်မှ အောက်တိုဘာ ၃၁ရက်အထိ ခြောက်လတိုင်တိုင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာ အသိုက်အဝန်း၏ အာရုံစိုက်မှုကို အပြည့်အဝ ရရှိမည်ဟု မျှော်လင့်ရသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂နိုင်ငံနှင့် ကမ္ဘာ့အဖွဲ့အစည်းပေါင်း ၅၀ခန့်က ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ဆင်နွှဲကြသည်။

ဒီဇိုင်းပြု

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ၏ ဦးတည်ချက်ဆောင်ပုဒ်မှာ **''ပိုမိုတိုးတက်လာသော မြို့ကြီး၊ ပိုမိုမြင့်မားလာသော လူနေမှုဘဝ''** (Better City, Better Life) ဟူ၍ ဖြစ်သည်။ ကုန်စည်ပြပွဲ၏ အမှတ်တံဆိပ်မှာ ''ကမ္ဘာ'' ဟူ၍ အဓိပ္ပာယ်ရရှိသော တရုတ်ဝေါဟာရ ''Shi''၏ စကားလုံးပုံစံကို အနုပညာအမြင်ဖြင့် ဒီဇိုင်းပြုသရုပ်ဖော်ထားခြင်းဖြစ်သည်။

ပြုံးရွှင်နေ

ရှန်ဟိုင်းကုန်စည်ပြပွဲ၏ အထိမ်းအမှတ်အရုပ်မှာ ''ဟိုင်ပေါင်း'' (Haibao)ဖြစ်သည်။ တရုတ်ဘာသာစကားအရ ''ပြည်သူ''ဟု အဓိပ္ပာယ်ရရှိသော စကားလုံးကို အနုပညာသားပါပါဖြင့် ဒီဇိုင်းပုံစံထုတ်ထားသည်။ ''ဟိုင်ပေါင်း'' ဟူသည် ''ပင်လယ်၏ ရတနာ'' ဟု အဓိပ္ပာယ်ရရှိကာ ချစ်ကြည်ရေး သံတမန်ကြီးသဖွယ် ပြုံးရွှင်နေသည့် အမူအရာကို လစ်ဟနေသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲတွင် သတင်းသမားများအတွက် ဖုန်း၊ အင်တာနက် အပါအဝင် ခေတ်မီဆက်သွယ်ရေးသုံးပစ္စည်းများ အခမဲ့ အသုံးပြုခွင့်ပေးထားသည့် PRESS CENTER ။

❒ ရှန်ဟိုင်းကုန်စည်ပြပွဲကို မေ၁ရက်မှ အောက်တိုဘာ ၃၁ရက်အထိ ခြောက်လတိုင်တိုင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာ အသိုက်အဝန်း၏ အာရုံစိုက်မှုကို အပြည့်အဝ ရရှိမည်ဟု မျှော်လင့်ရ။

❒ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂နိုင်ငံနှင့် ကမ္ဘာ့အဖွဲ့အစည်းပေါင်း ၅၀ခန့်က ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ဆင်နွှဲ။



စိုက်မှုကို အပြည့်အဝ ရရှိမည်ဟု မျှော်လင့်ရသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂နိုင်ငံနှင့် ကမ္ဘာ့အဖွဲ့အစည်းပေါင်း ၅၀ခန့်က ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ဆင်နွှဲကြသည်။

ဒီဇိုင်းပြု

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ၏ ဦးတည်ချက်ဆောင်ပုဒ်မှာ **"ပိုမိုတိုးတက်လာသော မြို့ကြီး၊ ပိုမိုမြင့်မားလာသော လူနေမှုဘဝ"** (Better City, Better Life) ဟူ၍ ဖြစ်သည်။ ကုန်စည်ပြပွဲ၏ အမှတ်တံဆိပ်မှာ "ကမ္ဘာ" ဟူ၍ အဓိပ္ပာယ်ရရှိသော တရုတ်ဝေါဟာရ "Shi"၏ စကားလုံးပုံစံကို အနုပညာအမြင်ဖြင့် ဒီဇိုင်းပြု သရုပ်ဖော်ထားခြင်းဖြစ်သည်။

ပြုံးရွှင်နေ

ရှန်ဟိုင်းကုန်စည်ပြပွဲ၏ အထိမ်းအမှတ်အရုပ်မှာ "ဟိုင်ပေါင်း" (Haibao)ဖြစ်သည်။ တရုတ်ဘာသာစကားအရ "ပြည်သူ"ဟု အဓိပ္ပာယ်ရရှိသော စကားလုံးကို အနုပညာသားပါပါဖြင့် ဒီဇိုင်းပုံစံထုတ်ထားသည်။ "ဟိုင်ပေါင်း" ဟူသည် "ပင်လယ်၏ ရတနာ" ဟု အဓိပ္ပာယ်ရရှိကာ ချစ်ကြည်ရေး သံတမန်ကြီးသဖွယ် ပြုံးရွှင်နေသည့် အမူအရာကို လှစ်ပြနေသည်။

အာရှတိုက်တွင် စီးပွားရေးအရ လျင်မြန်စွာ တိုးတက်လာနေသော တရုတ်နိုင်ငံတွင် ၂၀၀၈ခုနှစ်က အိုလံပစ်ပွဲတော်ကို ကျင်းပနိုင်ခဲ့ပြီးနောက် ယခုနှစ်တွင် ကမ္ဘာ့ကုန်စည်ပြပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမှာ အာရှသားများအားလုံးအတွက် ဂုဏ်ယူဖွယ်ရာ ထူးခြားဖြစ်စဉ်အဖြစ် မှတ်တမ်းတင်နိုင်ပေသည်။

တွေ့မြင်

ရှန်ဟိုင်းကုန်စည်ပြပွဲကို ခင်းကျင်းစီစဉ်ရာတွင် ဇုန်ငါးခု ခွဲခြားထားသည်။ အာရှနိုင်ငံများ၏ ပြခန်းဆောင်များကို ဇုန် (က)နှင့် ဇုန်(ခ)တို့တွင် တွေ့မြင်ရသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲသို့ ကွင်းဆင်းလေ့လာခွင့်ရရှိသော နိုင်ငံတကာ သတင်းသမားများမှာ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ သတင်းသမားများနှင့် အရှေ့အာရှနိုင်ငံများဖြစ်ကြသော တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ သတင်းသမားများ ဖြစ်ကြသည်။ အာဆီယံ + ၃ ချစ်ကြည်ရေးပြယုဂ်အဖြစ် ဒေသဆိုင်ရာ သတင်းသမားများကို ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားမတိုင်မီ ရက်အနည်းငယ်အလိုတွင် ကွင်းဆင်းလေ့လာရန် အိမ်ရှင် တရုတ်နိုင်ငံက ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

...တွင် သတင်းသမားများအတွက် ဖုန်း၊ အင်တာနက် ...သွယ်ရေးသုံးပစ္စည်းများ အခမဲ့ အသုံးပြုခွင့် ... CENTER ။

ဝင့်ဝင့်ကြွားကြွား

မြန်မာသတင်းအဖွဲ့သည် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပြခန်းဆောင်တစ်စိတ်တစ်ဒေသအဖြစ် နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) ပြခန်းဆောင်၊ နိုင်ငံတကာ ပြည်သူ့သယ်ယူပို့ဆောင်ရေးအသင်း ပြခန်းဆောင်၊ နိုင်ငံတကာ ပြတိုက်များကောင်စီ ပြခန်းဆောင်၊ အာရပ်နိုင်ငံများအဖွဲ့ချုပ် ပြခန်းဆောင် စသည့် ပြခန်းအသီးသီးကို တွေ့မြင်ခဲ့ရသည်။ ၄င်းအပြင် ကုလသမဂ္ဂ ပြခန်းဆောင်နှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ပြခန်းဆောင်တို့ကိုလည်း ခံ့ခံ့ညားညား ဝင့်ဝင့်ကြွားကြွား တွေ့မြင်ခဲ့ရသည်။

ခင်းကျင်းပြသ

အာဆီယံအဖွဲ့ကို ၁၉၆၇ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီးချိန်မှစ၍ မိမိတို့ ဒေသဆိုင်ရာ နိုင်ငံများသည် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ လုံခြုံရေးအရလည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးသည်ထက်တိုးနေသည်။ အာဆီယံကိုယ်စားပြု ပြခန်းဆောင်သည် ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများအကြောင်းကို အများပြည်သူတို့ အထွေထွေဗဟုသုတရရှိစေရန် ခင်းကျင်းပြသထားကြောင်း မြန်မာသတင်းအဖွဲ့ အလေးမူမိသည်။

အာဆီယံအဖွဲ့တွင် ပါဝင်သော မြန်မာနိုင်ငံ၏ အမျိုးသားပြခန်းဆောင်ကိုလည်း မိမိတို့ လေ့လာတွေ့မြင်ခဲ့သည်။ မြန်မာ့နန်းတော်၊ နန်းမြင့်မျှော်စင်၊ စေတီပုထိုးများနှင့် ခေတ်သစ်မြို့ပြတိုက်တာများကို သရုပ်ဖော်ဒီဇိုင်းထုတ်ထားသည့် မြန်မာပြခန်းဆောင်မှာ ကျက်သရေရှိလှသည်၊ ပန်းသင့်လှသည်၊ မင်္ဂလာရှိလှသည်။

ထင်ဟပ်ဖော်ကျူး

အာဆီယံအဖွဲ့တွင် ပါဝင်သော လာအိုနိုင်ငံ၏ ပြခန်းဆောင်မှာမူ ရှေးဟောင်းမြို့ **"လွှမ်းပရာဘန်း"** ကို သရုပ်ဖော်ထားသည်။ ခေတ်သစ်လူ့အဖွဲ့အစည်းကိုရော၊ ရိုးရာလူ့ဘောင်ကိုပါ ထင်ဟပ်ဖော်ကျူးလျက်ရှိသည်။ လာအိုပြခန်းဆောင်မှာ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရန် ပညာပေးသည့်အနေဖြင့် ခင်းကျင်းထားသည်။

ကမ္ဘောဒီးယားပြခန်းဆောင်မှာမူ အန်ကာဘုရားကျောင်းပုံစံကို သရုပ်ဖော်ကျူးထားသည်။ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး ရှုထောင့်အမြင်ကို ဖော်ကျူးသည်။ ယင်းပြခန်းဆောင်တွင် ခမာအင်ပါယာခေတ်ကို ကြည့်ရှုခံစားနိုင်သည်။ ကျောက်ဖြင့် တည်ဆောက်သော အဆောက်အအုံပုံစံကို လေ့လာခွင့်ရရှိသည်။ အမျိုးသားယဉ်ကျေးမှုအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာပုံကို ထင်ဟပ်နေသည်။

ရိုးရာမပျက်

အာဆီယံအဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၏ ပြခန်းဆောင်မှာမူ ပြခန်းဆောင်ခေါင်မိုးပေါ်တွင် ဝါးလုံးများ ထိုးထိုးထောင်ထောင် ပေါ်ထွက်နေသည်ကို တွေ့မြင်ရသည်။ ရိုးရာမပျက် ခေတ်သစ်လူနေမှုပုံစံကို သရုပ်ဖော်သည်။ အင်ဒိုနီးရှားပြခန်းဆောင်မှာ အထပ်လေးထပ်ရှိပြီး အလယ်ဗဟိုတွင် မာလ်တီမီဒီယာ ရုပ်ရှင်ရုံလည်း ပါဝင်သည်။

ထိုင်းနိုင်ငံ၏ ပြခန်းဆောင်ကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်နိုင်သည်။ နန်းတော်ပုံစံကို သရုပ်ဖော်ကျူးထားပြီး ရဲမက်ပုံ ဧရာမရုပ်တုကြီးများက အစောင့်အရုပ်များအဖြစ် ရှိနေသည်။

သဟဇာတရှိရှိ

ဗီယက်နမ်ပြခန်းဆောင်ကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိရှိ နေထိုင်ရေးဦးတည်ချက်ဖြင့် တည်ဆောက်ထားသည်ဟု သတိမူမိသည်။ ပြန်လည်အသုံးပြုနိုင်သော ဝါးလုံးများဖြင့် ပြခန်းဆောင်ကို တည်ဆောက်ထားသည်။ ရိုးရာဝါးအိမ်များကို အသုံးပြုခြင်းဖြင့် သဘာဝနည်းအရ နေအပူရှိန်ဒဏ် သက်သာအောင် လျှော့ချပေးနိုင်ပုံကို ပြသလိုခြင်းဖြစ်သည်။

ဘရူနိုင်းဒါရုဆလမ်ပြခန်းဆောင်၏ အလယ်ဗဟိုတွင် အပူပိုင်း မိုးသစ်တောကို သရုပ်ဖော်ထားသည်။ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်လိုအပ်ပုံ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရန် လိုအပ်ပုံတို့ကို တိုက်တွန်းနှိုးဆော်သည်။ ဘရူနိုင်း အစိုးရက ၂၀၃၅ခုနှစ်အထိ အကောင်အထည်ဖော်မည့် ပထမအကြိမ် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို သိရှိနိုင်စေရန် တင်ဆက်မည်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များ

ရှန်ဟိုင်းမြို့၌ ကမ္ဘာလှည့်ခရီးသည်များ လေ့လာကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။

စင်ကာပူပြခန်းဆောင်၏ ခေါင်မိုးဥယျာဉ်တွင် သာယာငြိမ့်ညောင်းဖွယ်ရာ တေးသံသာများ ပျံ့လွှင့်နေသည်။

4D ရုပ်ရှင်ရုံတွင် ဘရူနိုင်း သမိုင်းကြောင်းကို ပြသပေးမည်ဖြစ်သည်။ ရိုးရာအစားအစာနှင့် လက်ရက် အဝတ်အစားများကို ခင်းကျင်းပြသထားသည်။

ကြည့်ရှုနိုင်

မလေးရှားပြခန်းဆောင်၏ ပေါ်လွင်သောဒီဇိုင်းပုံစံမှာ ရိုးရာအထည်အလိပ်များ၏ သရုပ်ဖော်ပုံဖြစ်သည်။ လိပ်ပြာပုံများ၊ ပန်းများ၊ ကျေးငှက် သာရကာပုံများနှင့် ဂျီသြမေတြီမျဉ်းကြောင်းများဖြင့် သရုပ်ဖော်ထားသော ပြခန်းဆောင်ဖြစ်သည်။ ပြပွဲလာ ဧည့်သည်များက ဂေါက်သီးကစားကွင်းငယ်တွင် ကစားနိုင်သည်။ ရိုးရာရုံတွင်း အားကစားနည်းများကို ကြည့်ရှုနိုင်သည်။ ပြပွဲကာလအတွင်း မလေးရှားတိုင်းရင်းသားအုပ်စု ၄၇စုက ကပြအသုံးတော်ခံကြမည်။

ဖိလစ်ပိုင်ပြခန်းဆောင်၏ ပြင်ပနံရံမှာ စိန်ပုံသဏ္ဍာန် အလင်းပေါက်အရာဝတ္ထုများဖြင့် လွှမ်းခြုံထားသည်။ ဝင်ပေါက်တွင် ရုပ်မြင်သံကြားမှန်သားပြင်များထားရှိကာ တစ်နေ့တာကာလပတ်လုံး ပြသပေးမည်။ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သော ဖိလစ်ပိုင်မြို့ကြီးများကို မြေပုံဖြင့် ရှင်းလင်းပြသပေးမည်။ အနုပညာရှင်များက တစ်နေ့တစ်မျိုး မရိုးအောင် ဖျော်ဖြေတင်ဆက်ကြမည်ဟု သိရသည်။ ဧည့်သည်တော်များအတွက် ရေပူစမ်းတွင် အပန်းဖြေသည့် အတွေ့အကြုံ ရရှိစေရန် စီစဉ်ထားသည်။

လန်းဖြာ

စင်ကာပူပြခန်းဆောင်မှာမူ တစ်မျိုးတစ်ဖုံ ထူးခြားနေပြန်သည်။ ခေါင်မိုးဥယျာဉ်တွင် သာယာငြိမ့်ညောင်းဖွယ်ရာ တေးသံသာများ ပျံ့လွှင့်နေသည်။ စင်ကာပူ ယဉ်ကျေးမှုသမိုင်းကြောင်းကို အရုပ်ဖြင့်ရော အသံဖြင့်ပါ ပြသပေးမည်။ မြို့ကြီးများနှင့် သဘာဝပတ်ဝန်းကျင်အကြား သဟဇာတရှိရှိ နေထိုင်ကြရန် ယင်းပြခန်းဆောင်က အသိပညာပေးသည်။ ယဉ်ကျေးမှုပန်းများ လန်းဖြာနေသည်ဟု ခံစားရသည်။ ပြခန်းဆောင်၏ ဒုတိယထပ်တွင် ဇာတ်ရုံသုံးရုံရှိသည်။ စင်ကာပူ အနုပညာရှင်များ၏ အသုံးတော်ခံမှုကို ဗီဒီယိုဖြင့် ပြသပေးမည်။

မှတ်တမ်းတင်

မိမိတို့ အရှေ့တောင်အာရှ နိုင်ငံများသည် ယဉ်ကျေးမှု အစဉ်အလာကြီးမားပြီး ရိုးရာမပျက် ခေတ်သစ်လူနေမှုဘဝအတွက် မြို့ပြအိမ်ရာများ တည်ဆောက်လျက်ရှိကြပုံကို တွေ့မြင်ခဲ့ရကြောင်း မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

ရှန်ဟိုင်းကုန်စည်ပြပွဲ၏ ယဉ်ကျေးမှုဗဟိုဌာန အဆောက်အအုံကို တွေ့ရစဉ်။



မြန်မာအင်ဂျင်နီယာများရေးဆွဲသည့် ဆော့ဖ်ဝဲထုတ်ကုန်များ ပြည်ပဈေးကွက် ထိုးဖောက်တင်ပို့နိုင်တော့မည်

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု-လွဲလွဲဝင်း

ရန်ကုန် မေ ၁

မြန်မာဆော့ဖ်ဝဲ ပညာရှင်များရေးဆွဲသည့်ဆော့ဖ်ဝဲများ ပြည်တွင်းဈေးကွက်များသာမက နိုင်ငံတကာဈေးကွက်များအထိ တင်ပို့ရောင်းချနိုင်စေရန်အတွက် မြန်မာဆော့ဖ်ဝဲကုမ္ပဏီတစ်ခုနှင့် ဂျပန်နည်းပညာ ကုမ္ပဏီနှစ်ခုတို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဧပြီ ၃၀ရက်က လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။

ချုပ်ဆို

အဆိုပါ နားလည်မှုစာချွန်လွှာကို မြန်မာဆော့ဖ်ဝဲကုမ္ပဏီ ACE Data Systems Co.,Ltd. နှင့် ဂျပန်ကုမ္ပဏီများဖြစ်သည့် DIR System Technology Co.,Ltd. နှင့် USE Information System Development Co.,Ltd. တို့အကြား ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

"နည်းပညာလုပ်ငန်းများအတွက် လိုအပ်တဲ့ဆော့ဖ်ဝဲများ ရေးသားပေးနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်"
မစ္စတာအကီရာနာကာမူရာ
ဥက္ကဋ္ဌ
DIR System Technology
ကုမ္ပဏီ။

"ဂျပန် ဈေးကွက်အတွက် လိုအပ်တဲ့ ဆော့ဖ်ဝဲထုတ်ကုန်များ ထုတ်လုပ်ပေးသွားမှာ ဖြစ်ပါတယ်"
ဦးသိန်းဦး
ဥက္ကဋ္ဌ
ACE Data Systems Co.,Ltd.

ယင်းနားလည်မှု စာချွန်လွှာကို ACE Data Systems Co.,Ltd. ကုမ္ပဏီ ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် DIR System Technology Co.,Ltd. ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာအကီရာ နာကာမူရာ၊ USE Information System Development Co.,Ltd. ဥက္ကဋ္ဌ မစ်ချီဇူကို ဖူနာဘာရှိ တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ ACE Data Systems Co.,Ltd. အနေဖြင့် မြန်မာပြည်တွင်းရှိ ဘဏ်များ၊ စက်ရုံများ၊ ဆေးရုံများ၊ ကုန်တိုက်ကြီးများ၊ ဟိုတယ်များနဲ့ ခရီးသွားလုပ်ငန်းများအတွက် ဆော့ဖ်ဝဲများ ရေးသားနေပါတယ်။ ဒါ့အပြင် ဩစတြေးလျ၊ ဂျပန်၊ စင်ကာပူ၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့အတွက်လည်း ဆော့ဖ်ဝဲလုပ်ငန်းများ ဖွံ့ဖြိုးလာရန် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်မှာတော့ ဆော့ဖ်ဝဲလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်သာမက IT ဝန်ဆောင်မှုများပေးနိုင်ဖို့ အိုင်စီတီအင်ဂျင်နီယာ ၁၀၀ ကျော်နဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ACE Data Systems Co.,Ltd. ဥက္ကဋ္ဌ ဦးသိန်းဦးက မြန်မာ့အလင်းသို့ ဦးစွာ ရှင်းပြသည်။

စံချိန်စံညွှန်း

ယခု နားလည်မှု စာချွန်လွှာအရ အိုင်တီ ဖွံ့ဖြိုးတိုးတက်ရေး Development စင်တာကို ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ် မှာ မေ ၁ရက်တွင် ဖွင့်လှစ်ပြီး အဓိကအားဖြင့် ဂျပန်ဈေးကွက်အတွက် လိုအပ်တဲ့ ဆော့ဖ်ဝဲထုတ်ကုန်များ ထုတ်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီကမှ တစ်ဆင့် မြန်မာဈေးကွက်နဲ့ နိုင်ငံတကာဈေးကွက်များအထိ ထိုးဖောက်သွားဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် အရည်အသွေးပြည့်မီတဲ့ ဆော့ဖ်ဝဲထုတ်ကုန်များကို စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်"ဟု ဦးသိန်းဦးက ဆက်လက် ရှင်းပြသည်။

"ကျွန်တော်တို့ DIR System Technology ကုမ္ပဏီလီမိတက် အနေဖြင့် ဂျပန်နိုင်ငံမှာ ဘဏ်လုပ်ငန်း၊ လုံခြုံရေး၊ ဆက်သွယ်ရေးနှင့် နည်းပညာလုပ်ငန်းများအတွက် လိုအပ်တဲ့ဆော့ဖ်ဝဲများ ရေးသားပေးနေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ ယခုအခါမှာ ဂျပန်နိုင်ငံနှင့် အာရှနိုင်ငံများအကြား အိုင်တီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းကုမ္ပဏီ ဥက္ကဋ္ဌ မစ္စတာအကီရာနာကာမူရာက ပြောကြားသည်။

ထိုနည်းတူစွာပင် USE Information Systems Development ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ မစ်ချီဇူကိုဖူနာဘာရှိကလည်း "ကျွန်မတို့ကုမ္ပဏီအနေဖြင့် ဂျပန်နိုင်ငံမှာ Software Development , Systems Integration, System Implementation များကို အောင်မြင်စွာ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီစာချွန်လွှာအရ အောင်မြင်မှုကို မျှော်မှန်းပြီး ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ မြန်မာ အိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အထောက်အကူ

အဆိုပါစာချွန်လွှာကြောင့် မြန်မာနိုင်ငံတွင် ဆော့ဖ်ဝဲများထုတ်လုပ်မည့် Development Center များ လုပ်ငန်းတိုးတက်ဖြစ်ပေါ်မှုအပေါ်မူတည်၍ တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ လာမည့်သုံးနှစ်မှ ငါးနှစ်အတွင်း ကမ္ဘာ့အဆင့်မီ Development Center ကြီးများအဖြစ် တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် IT Services များကိုလည်း တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ မြန်မာနိုင်ငံ၌ ဆော့ဖ်ဝဲ Development

"မြန်မာနိုင်ငံမှာလည်း ဒီစာချွန်လွှာအရ အောင်မြင်မှုကို မျှော်မှန်းပြီး ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်"
မစ်ချီဇူကို ဖူနာဘာရှိ
ဥက္ကဋ္ဌ
USE Information Systems Development
ကုမ္ပဏီလီမိတက်။

Center တည်ထောင်နိုင်ခြင်းကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ အိုင်စီတီထုတ်ကုန်များ ပြည်ပနိုင်ငံများသို့ ထိုးဖောက်နိုင်အောင် စွမ်းဆောင်နိုင်မှု၊ ထိရောက်ကောင်းမွန်သော Software Application များ ထုတ်လုပ်နိုင်မှု စသည့် အကျိုးကျေးဇူးများရရှိကာ အိုင်စီတီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အိုင်စီတီ Systems Application များ၊ အိုင်စီတီ Services ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကောင်းစွာအထောက်အကူပေးမည်ဖြစ်ပါကြောင်း အိုင်တီသတင်းဆောင်းပါးအဖြစ် ရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာဆော့ဖ်ဝဲကုမ္ပဏီ ACE Data Systems Co.,Ltd. နှင့် ဂျပန်ကုမ္ပဏီများဖြစ်သည့် DIR System Technology Co.,Ltd. နှင့် USE Information System Development Co.,Ltd. တို့အကြား နားလည်မှုစာချွန်လွှာ ဤသို့ချုပ်ဆိုခဲ့သည်။



မုဒိတာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာ၌ဖွင့်

နေပြည်တော် မေ ၁

နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာ မုဒိတာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ်စာစောင်လှူဒါန်းပွဲကို ဧပြီ ၂၈ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေ၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရဲဇော်မြင့်၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေ၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရဲဇော်မြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များက စာအုပ်၊ စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အဆောက်အအုံသစ်ကို ဒုတိယဗိုလ်မှူးကြီး ရဲဇော်မြင့်၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကံထူးရှင်ရွေးချယ်

နေပြည်တော် မေ ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၂၅၆) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း(၁၀၀၀)ဆု

ဈ-၇၇၈၀၆၄

ကျပ်သိန်း(၅၀၀)ဆု

င-၇၉၁၄၀၂

ကျပ်သိန်း(၃၀၀)ဆုများ

ဒ-၂၁၈၃၄၀
င-၄၁၈၇၃၇

ကျပ်သိန်း(၂၀၀)ဆုများ

ည-၃၅၅၇၁၃ က-၉၃၅၉၃၀
ဠ-၁၈၈၈၈၇ ဉ-၂၉၃၁၂၇

ကျပ်သိန်း(၁၀၀)
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဒ-၉၆၈၈၉၅ န-၁၁၆၁၈၁
ဏ-၂၂၈၆၅၀ ဒ-၂၄၀၂၅၆
ထ-၆၁၄၂၃၉ င-၈၈၃၁၂၅
ဏ-၆၂၇၃၃၂ ဈ-၃၇၄၃၁၄
ဃ-၄၁၄၆၀၄ တ-၂၃၄၁၃၈
ဠ-၉၁၃၉၄၉ ဎ-၆၇၇၃၀၁

အထက(၂) ကြည့်မြင်တိုင်(ဟုမ်းလမ်း/ထီးတန်း) မြတ်ဆရာပူဇော်ပွဲ အကြိုညှိနှိုင်းဆွေးနွေးမည်

ရန်ကုန် မေ ၁

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း/ထီးတန်း)တွင် ပညာသင်ကြားပို့ချပေးခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကန်တော့ရေး၊ ကျန်းမာရေး၊ လူမှုကူညီစောင့်ရှောက်ရေးနှင့် ကျောင်းတွင် ၂၀၀၉ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်း ညီအစ်ကိုမောင်နှမများ စုံစုံညီညီ ပြန်လည်တွေ့ဆုံရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ကျောင်းစုဝေးခန်းမ၌ မေ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ (မည်သည့်နှစ်မဆို) တက်ရောက်ကြရန်နှင့် မြန်မာပြည်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများသည် ဗိုလ်မှူးစိုးဝင်း(ငြိမ်း) (၁၉၅၆/၆၂)ဖုန်း-၂၂၅၈၇၄၊ ဦးခင်မောင်ထွေး (၁၉၆၀/၆၃)ဖုန်း-၅၂၂၃၅၆၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာကျော်ဇော(ငြိမ်း) (၁၉၅၈/၆၅)ဖုန်း-၅၁၇၂၄၃၊ ဒုတိယဗိုလ်မှူးကြီးတင်အောင် (ငြိမ်း) (၁၉၆၅/၆၇) ဖုန်း-၅၀၀၈၀၃၊ ရုပ်ရှင်၊ ဗီဒီယို၊ ဟာသသရုပ်ဆောင် မောင်မေတ္တာ၊ ကျော်ထူး၊ ဇော ဖုန်း-၀၉-၅၀-၄၀၄၀၂၊ ဖုန်း-၀၉-၅၀-၄၆၈၈၆၊ ဖုန်း-၀၉-၅၁-၃၉၇၆၄၊ စာရေးဆရာ မောင်လှမျိုး (ချင်းချောင်းခြံ) ဖုန်း-၇၀၇၉၇၀၊ ဒေါ်ခင်ငြိမ်းငြိမ်း(၁၉၆၅/၆၆) ဖုန်း-၂၂၉၆၈၂၊ ကိုသိန်းအောင်(၁၉၇၄/၇၉) ဖုန်း-၇၃၀၀၂၅၂၆၊ ကိုခင်မောင်မောင် (၁၉၇၈/၈၁) ဖုန်း-၇၃၀၂၆၉၅၁၊ ကိုသက်ခိုင်(၁၉၈၀/၉၀) ဖုန်း-၀၉-၅၁-၈၈၄၀၂၊ ကိုထွန်းနိုင်ဝင်း (၁၉၉၀/၉၅) ဖုန်း-၀၉-၅၄-၀၈၄၇၅၊ မခင်စန်းဝင်း(၁၉၈၆/၉၄) ဖုန်း-၇၀၁၇၅၀၊ ဦးမောင်မောင် ဖုန်း-၀၁-၂၂၁၅၁၉၊ ၀၁-၇၃၀၂၇၅၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ယာဉ်နှင့် လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ နေပြည်တော်တပ်ကုန်း ဘုရင့်နောင်ရပ်ကွက်၌ကျင်းပ

နေပြည်တော် မေ ၁

နေပြည်တော်တပ်ကုန်း မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဧပြီ ၂၄ရက် ညနေ ၃နာရီက နေပြည်တော်တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် အမက(၃) အဆောင်သစ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်မြင့်က မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ အရေးယူတရားစွဲခံရခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းတို့ကိုလည်းကောင်း၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ် သန်းကျော်ငွေးက ခြေကျင်လမ်းလျှောက်သူများလိုက်နာရန် စည်းကမ်းများ၊ စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများ၊ လမ်းဖြတ်ကူးသူများ လိုက်နာရန်စည်းကမ်းများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ဟောပြောပွဲသို့ ဘုရင့်နောင် အမက(၃)မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(အောက်ပုံ)**

(၀၉၁)

ကမ္ဘာ့ဖလားပုံရိပ်လွှာ

ဘာရာဇီးတို့ ဗိုလ်စွဲခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာပွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

စတော့ဟုမ်း မေ ၁

၁၉၅၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ ဆွီဒင်နိုင်ငံက အိမ်ရှင်အဖြစ်တာဝန်ယူကျင်းပခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေ စိတ်ဝင်စားမှု များပြားလာတာမို့ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကို တင်ပြတောင်းဆိုတဲ့ နိုင်ငံတွေလည်း များပြားလာပါတယ်။

ပါဝင်ယှဉ်ပြိုင်

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ ကမ္ဘာ့နိုင်ငံအသီးသီးက ဘောလုံးအသင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ တကယ်တော့ ခြေစစ်ပွဲအောင်တဲ့အသင်းက ၄၅သင်းရှိပေမယ့် ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ယှဉ်ပြိုင်ခြင်း မရှိကြပါဘူး။

ရေပန်းစား

၁၉၅၈ခုနှစ် ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မစတင်မီကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းတွေကတော့ အီတလီနဲ့ ဥရုဂွေးတို့ပဲ ဖြစ်ပါတယ်။ အဲဒီနှစ်သင်းစလုံးဟာ ချစ်ကြည်ရေးခြေစမ်းပွဲတွေနဲ့ ကမ္ဘာ့ဖလား ရယူထားခဲ့ဖူးတဲ့ အရှိန်တွေနဲ့ ဗိုလ်စွဲမယ်လို့ ရေပန်းစားခဲ့ကြခြင်းလည်း ဖြစ်ပါတယ်။

ပထမဆုံး

ဆွီဒင်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တဲ့ အသင်းတွေကတော့ ဝေလအသင်းနဲ့ မြောက်အိုင်ယာလန်အသင်းတို့ပဲဖြစ်ပါတယ်။ ဘယ်သူကမှ အခုလိုပါဝင်ယှဉ်ပြိုင်ခွင့်ရရှိလိမ့်မယ်လို့ မထင်ထားခဲ့တဲ့ သာမန်အသင်းတွေလည်း ဖြစ်ပါတယ်။

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရယူခဲ့သူကတော့ ပြင်သစ်တိုက်စစ်မှူး ဂျက်ဖွန်တိန်း ဖြစ်ပါတယ်။ ဂျက်ဖွန်တိန်းဟာ တစ်ဦးတည်း ၁၃ဂိုး သွင်းယူနိုင်ခဲ့တဲ့သူဖြစ်တာမို့ ရွှေဖိနပ်ဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ အသင်းကလည်း ပြင်သစ်အသင်းဖြစ်ပြီး စုစုပေါင်း ၂၃ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။

ထူးခြားမှု

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ထူးခြားမှုတွေကတော့ ဘရာဇီးအသင်းမှာ အသက် ၁၇နှစ်သာရှိသေးတဲ့ တိုက်စစ်မှူး ပီလီပါဝင်ကစားခြင်းဖြစ်ပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာ အသက်အငယ်ဆုံး တိုက်စစ်မှူးအဖြစ် မှတ်တမ်းလည်းတင်နိုင်ခဲ့ပါတယ်။ နောက်ပြီး ပြင်သစ်တိုက်စစ်မှူး ဂျက်ဖွန်တိန်း ၁၃ဂိုး သွင်းနိုင်ခဲ့တာကလည်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းရဲ့ ရွှေဖိနပ်ဆုရှင်တွေထဲမှာ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ပီလီ

အသက် ၁၇နှစ်သာရှိသေးတဲ့ ပီလီရဲ့ ကစားဟန်ကို နိုင်ငံတကာ ရုပ်မြင်သံကြားကင်မရာတွေက အလုအယက် ရိုက်ကူးခဲ့တာမို့ ပီလီဟာ ကမ္ဘာကျော်ခဲ့သလို ခြေစွမ်းလည်း အံ့ဖွယ်ပြသနိုင်ခဲ့ပါတယ်။ ပီလီပါဝင်ကစားခဲ့တဲ့ ဘရာဇီးအသင်းလည်း ကမ္ဘာ့ဖလားကို ပထမဆုံး ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အောင်ပွဲခံ

ဆွီဒင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံးကမ္ဘာ့ဖလား ဆွတ်ခူးခဲ့သည့် ဘရာဇီးအသင်းသားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

တက်ရောက်နိုင်

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆွီဒင်နိုင်ငံမြို့ကြီး ၁၂မြို့မှာခွဲပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၆သင်းကို အုပ်စုလေးစုခွဲပြီး အုပ်စုပထမနဲ့ ဒုတိယရတဲ့အသင်းတွေကို ကွာတားဖိုင်နယ် တိုက်ရိုက်တက်ရောက်ခွင့်ပြုခဲ့ပါတယ်။

ဗိုလ်စွဲ

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကိုတော့ ဘရာဇီးနဲ့ ဟန်ဂေရီတို့ တက်ရောက်ခဲ့ကြပါတယ်။ ဟန်ဂေရီအသင်းဟာ ပွဲစဉ်တိုင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာတော့ ဘရာဇီးကို ငါးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ဟန်ဂေရီတို့ ဖလားရယူရေး မျှော်လင့်ချက် ပျက်ပြယ်ခဲ့ရပါတယ်။ ဒါကြောင့် ၁၉၅၈ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာတော့ ဘရာဇီးတို့ ဗိုလ်စွဲခဲ့ပြီး ကမ္ဘာ့ဖလားကြီးကို ဘရာဇီးမြေသို့ ပထမဆုံးအကြိမ် သယ်ဆောင်နိုင်ခဲ့ကြပါတယ်။

ဂိုးသွင်းမှု

၁၉၅၈ခုနှစ် ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၁၆သင်းက စုစုပေါင်း ၁၂၆ဂိုး သွင်းယူခဲ့ကြပါတယ်။ ဒါကြောင့် တစ်ပွဲမှာ ပျမ်းမျှဂိုးသွင်းနှုန်း ၃ဒသမ ၆ဝရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ပြိုင်ပွဲဝင်ဘောလုံးအသင်းအများစုဟာ တိုက်စစ်ဖွင့်ပြီး မြန်နှုန်းမြင့် စတင်ကစားခဲ့ကြပါတယ်။

ဘရာဇီးအသင်း

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဘရာဇီးအသင်းဟာ ၄း၂း၄ လူအခင်းအကျင်းနဲ့ ကစားနည်းကို ပိုင်နိုင်ကျွမ်းကျင်စွာကစားခဲ့ပြီး ရသမြောက်အောင်လည်း ကစားနိုင်ခဲ့လို့ ပြိုင်ဘက်တွေကို ထူးထူးခြားခြားအနိုင်ရရှိခဲ့ပါတယ်။ ဘရာဇီးအသင်းမှာ ဒီဒီ၊ ဗာဗာ၊ နီလ်တန်ဆန်တို့စ်၊ ပီလီနဲ့ ဂါရင်ချာတို့ဟာ တစ်ဦးချင်းကျွမ်းကျင်မှုနဲ့ တွဲဖက်ညီညီ ကစားနိုင်ခဲ့ကြလို့ ထင်ပေါ်ကျော်ကြားသူများ ဖြစ်ခဲ့ကြပါတယ်။

အင်္ဂလန်

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်ပိုင်နက်နယ်မြေအတွင်းမှ အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့မှုကလည်း ထူးခြားခဲ့ပါတယ်။ အဲဒီ အင်္ဂလန်လေးသင်းကတော့ အင်္ဂလန်၊ ဝေလ၊ စကော့တလန်နဲ့ မြောက်အိုင်ယာလန်အသင်းတို့ပဲ ဖြစ်ပါတယ်။

မျက်ရည်ကျခဲ့

ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဘရာဇီးအသင်းဗိုလ်စွဲခဲ့ပြီးနောက် ကမ္ဘာ့ဖလားကြီးကို ကိုင်မြှောက်ကာ အသက်အငယ်ဆုံးတိုက်စစ်မှူး ပီလီ ဝမ်းသာလွန်းလို့ မျက်ရည်ကျပြီး ငိုကြွေးခဲ့ပါတယ်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်တဲ့ ပီလီဟာ ဆွီဒင်ကမ္ဘာ့ဖလားဘောလုံးပွဲကစတင်ပြီး ကမ္ဘာတစ်လွှားမှာ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးလည်းဖြစ်ခဲ့ပါတယ်။ ။

ကိုးကား-အင်တာနက်

မြဝတီရုပ်မြင်သံကြား

၂-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၁၀ ၂။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မမြင်ရသောကြိုးကလေး**
- ၁၂း၃၀ ၄။ ကျန်းမာသုတ
- ၁၄း၀၀ ၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၁)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ ဘဝကြေးမုံ **ရွှေနေမလေးမေစံရှားနှင့် အန္တရာယ်ချောက်ကမ်းပါး** မေ၊ ကောင်းဆက်ထူး၊ ဂျူးဂျူးကေ ဒါရိုက်တာ-ဆဲဗင်း (IC)
- ၆း၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၆)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၁)
- ၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၃)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၁

မိခင်များနေ့အမှတ်တရ ဈေးရောင်းပွဲ

မိခင်များ၏ ကျေးဇူးမေတ္တာကို ဖော်ကျူးသောအားဖြင့် မိခင်များနေ့ အမှတ်တရ ဈေးရောင်းပွဲကို ရန်ကုန်မြို့ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ ကက်ပီတယ်ဟိုင်ပါမားကတ်၌ မေ ၁ရက်မှ ၈ရက်အထိ ကျင်းပလျက်ရှိသည်။

စာနယ်ဇင်းသရုပ်ဖော် ပန်းချီပြပွဲ ကျင်းပ

စာနယ်ဇင်းသရုပ်ဖော် ပန်းချီဆရာများစုစည်း၍ စာနယ်ဇင်းသရုပ်ဖော် ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)ပြခန်း၌ မေ ၅ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ပန်းချီဝါသနာရှင်များ လာရောက်ကြည့်ရှုနိုင်သည်။

ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၀ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ မေ ၁၂ရက်နှင့် ၁၃ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

လူ့အသုံးအဆောင်ပစ္စည်းပြပွဲ ခင်းကျင်းပြသမည်

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၇ရက်မှ ၉ရက်အထိ လူ့အသုံးအဆောင်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများပြပွဲ-၂၀၁၀ကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ အသုံးအဆောင်ပစ္စည်းများကို စုံလင်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ကြို့ခင်းမြို့နယ်အသင်း(ရန်ကုန်) မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

ကြို့ခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ သုတ၊ ရသစာပေများနှင့် ပတ်သက်၍ စာမူများပေးပို့လိုက ဇွန် ၃၀ရက်နောက်ဆုံးထား၍ ဖုန်း-၀၁-၆၃၆၇၈၀၊ ၆၆၃၄၈၉နှင့် ၅၄၁၀၆၅တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ပန်းအလှပြုပြင်နည်းသင်တန်း တက်ရောက်နိုင်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ် ၁၁၉ YWCA ခန်းမ၌ အခြေခံနှင့် အဆင့်မြင့် ပန်းအလှပြုပြင်နည်းသင်တန်းကို မေ ၃ရက်မှ ၁၄ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်လိုသူများသည် ဖုန်း-၂၄၅၈၆၉နှင့် ၃၉၂၄၇၀တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာ့သစ်မာပရိဘောဂပြပွဲ ကျင်းပ

ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၏ မြန်မာ့သစ်မာပရိဘောဂပြပွဲ-၂၀၁၀ကို မေ ၁ရက်မှ ၃ရက်အထိ ခင်းကျင်းပြသထားလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကွမ်းလုံမြို့တွင်း ပြည်ထောင်စုလမ်းမကြီးဘေး ဝဲယာ မြို့သာယာလှပရေးအတွက် မတ် ၃၀ရက်က အဖွဲ့ဝန်ထမ်းများနှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(၂၆)ကြိမ်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအတွက် လက်ရည်ဆန်းစစ် ရေကူးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အလားအလာရှိသော သွေးသစ်ရေကူးအားကစားသမားများပါဝင်နိုင်ရန် လက်ရည်ဆန်းစစ်ရေကူးပြိုင်ပွဲကို မေ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသွားမည်ဖြစ်သည်။

ယှဉ်ပြိုင်ရမည်

မေ ၁၆ရက်တွင် အသက် ၁၂နှစ်အောက်နှင့် ၁၄နှစ်အောက် မီတာ (၅၀၊ ၁၀၀) အလွတ်ကူး၊ ပက်လက်ကူး၊ ရင်ပေါင်တန်းကူးနှင့် လိပ်ပြာကူးပြိုင်ပွဲ မီတာ (၂၀၀) တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက် ၁၇နှစ်အောက်မီတာ (၅၀၊ ၁၀၀၊ ၂၀၀) အလွတ်ကူး၊ ပက်လက်ကူး၊ ရင်ပေါင်တန်းကူးနှင့် လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ (၂၀၀) တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ မေ ၁၇ရက်တွင် အသက် ၂၁နှစ်အောက်နှင့် အလွတ်တန်း မီတာ (၅၀၊ ၁၀၀၊ ၂၀၀)အလွတ်ကူး၊ ပက်လက်ကူး၊ ရင်ပေါင်တန်းကူးနှင့် လိပ်ပြာကူးပြိုင်ပွဲနှင့် မီတာ (၂၀၀)တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ကစားသမားတစ်ဦးလျှင် အတန်းတစ်တန်း၌သာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက် ၁၇နှစ်အောက်နှင့် ၂၁နှစ်အောက် အတန်းတွင် မီတာ(၅၀) တစ်ပွဲ၊ မီတာ(၁၀၀)တစ်ပွဲ၊ မီတာ (၂၀၀)တစ်ပွဲနှင့် မီတာ (၂၀၀)တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ရမည်ဟု သိရသည်။

ပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသက် ၁၂နှစ်အောက်တွင် ၂-၁-၁၉၉၇ မှ ၁-၁-၁၉၉၉ အတွင်း မွေးဖွားသူများ၊ ၁၄နှစ်အောက်တွင် ၂-၁-၁၉၉၅ မှ ၁-၁-၁၉၉၇ အတွင်း မွေးဖွားသူများ၊ ၁၇နှစ်အောက်တွင် ၂-၁-၁၉၉၂မှ ၁-၁-၁၉၉၅အတွင်း မွေးဖွားသူများ၊ ၂၁နှစ်အောက်တွင် ၂-၁-၁၉၈၉မှ ၁-၁-၁၉၉၂ အတွင်း မွေးဖွားသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မွေးစာရင်း၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင် မိတ္တူမူရင်းတို့နှင့်အတူ စာရင်းပေးသွင်းရမည် ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

ပြိုင်ပွဲဝင်လိုသူများသည် မေ ၁၂ရက် ညနေ ၃နာရီနောက်ဆုံးထား၍ အမျိုးသားရေကူးကန်ရှိ အဖွဲ့ချုပ်လေ့ကျင့်ချိန် နံနက် ၆နာရီခွဲမှ ၈နာရီခွဲ၊ ညနေ ၃နာရီခွဲမှ ၅နာရီခွဲ၊ (သောကြာနေ့မှအပ) အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးသန်းကြိုင်နှင့် ဦးရဲအောင်တို့ထံ စာရင်းပေးသွင်းနိုင်ပြီး ကျိုက္ကဆံ အမှတ်(၅) ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်တွင်လည်း လာရောက်စာရင်း ပေးသွင်းနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ (ဒုတိယညွှန်ကြားရေးမှူး၊ အား/က) ဖုန်း-၀၉-၅၁-၃၄၃၁၀နှင့် ၀၁-၄၀၀၂၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို မေ ၁၂ရက် ညနေ ၄နာရီတွင် အိုလံပစ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်းများ သင်တန်းသစ်ဖွင့်မည်

ရန်ကုန် မေ ၁

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း၌ ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း)သင်တန်း အပတ်စဉ်အသစ်ကို မေလ ပထမပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

စနစ်တကျ

Institute of Hospitality(UK) နှင့် Institute of AH & LA(USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြု ပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်း တက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် မေလ ပထမပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘောဇအသင်းရဲ့ စံချိန်တွေကို ချိုးဖျက်လိုက်တဲ့ ဆောက်သမ်းမြန်မာ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ ➤ ဖိုးသော်ဇင်

ရန်ကုန် မေ ၁

၂၀၁၀ MNLအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ မန္တလေးမြို့ရှိ ဗထူးကွင်းတို့မှာ ဆက်လက် ကျင်းပရာ ဆောက်သမ်းမြန်မာအသင်းနဲ့ ဉဿာယူနိုက်တက်တို့ အနိုင်ရရှိသွားပါတယ်။

သုဝဏ္ဏကွင်း

ဆောက်သမ်းမြန်မာ - သုံးဂိုး။
ကမ္ဘောဇ - နှစ်ဂိုး။

ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ စံချိန်တွေနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ကမ္ဘောဇအသင်းဟာ မမျှော်လင့်ဘဲရှုံးပွဲကြုံတွေ့ပြီး စံချိန်တွေ ကျိုးပျက်ခဲ့ရပါတယ်။ ကမ္ဘောဇအသင်းရဲ့ စံချိန်တွေကို ချိုးဖျက်ခဲ့တဲ့အသင်းကတော့ ဆောက်သမ်းမြန်မာအသင်းဖြစ်ပြီး အခုပွဲအနိုင်ရလဒ်ကြောင့် ပဉ္စမနေရာကနေ တတိယနေရာအထိ တက်လှမ်းနိုင်ခဲ့ပါတယ်။ နည်းပြချုပ် ကင်မ်ဝေါလ်ဒန်ဟာ ဆောက်သမ်းမြန်မာအသင်းကို နောက်ဆုံးကိုင်တွယ်တဲ့ပွဲဖြစ်လို့ အနိုင်ရဖို့သေချာပြင်ဆင်ခဲ့ပြီး ဒုတိယပိုင်းမှာ သူ့ရဲ့လူစားလဲ မှန်ကန်မှုကြောင့် အနိုင်ရခဲ့တာဖြစ်ပါတယ်။ ကင်မ်ဝေါလ်ဒန်နဲ့ ဆောက်သမ်းမြန်မာအသင်းတို့ ချုပ်ဆိုထားတဲ့ ခြောက်လစာချုပ်ဟာ မေ ၁၁ရက်မှာ ပြီးဆုံးတော့မှာဖြစ်ပြီး ကင်မ်ဝေါလ်ဒန်ဟာ စာချုပ်သက်တမ်း မတိုးဘဲ အာဖရိကကလပ်အသင်းတစ်ခုကို ပြောင်းရွှေ့ကိုင်တွယ်တော့မှာ ဖြစ်ပါတယ်။

ဆောက်သမ်းမြန်မာ ကစားသမားတွေကတော့ထိပ်ဆုံးက ကမ္ဘောဇအသင်းကို အနိုင်ယူပြီး နည်းပြကင်မ်ဝေါလ်ဒန်ကို အနိုင်နဲ့ နှုတ်ဆက်နိုင်ခဲ့ပါတယ်။ ဆောက်သမ်းမြန်မာအသင်းကို အနိုင်ရရှိအောင် အဓိက စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားကတော့ လိုက်ဘေးရီးယား လက်ရွေးစင်ဟောင်း ဖရန့်ဆီတာဖြစ်ကာ အခုပွဲမှာ ခြေစွမ်းပြပြီး ၅၂ မိနစ်မှာ ပထမဂိုးနဲ့ ပွဲပြီးခါနီးမှာ အနိုင်ဂိုးတို့ကို သွင်းယူနိုင်ခဲ့ပါတယ်။ ဆောက်သမ်းမြန်မာအသင်းအတွက် ဒုတိယဂိုးကိုတော့ ၈၂မိနစ်မှာ ပရင့်ဇ်က ခေါင်းတိုက် သွင်းယူခဲ့တာဖြစ်ပါတယ်။ ကမ္ဘောဇအသင်းကတော့ အခုပွဲမှာထင်သလောက် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ပွဲပြီးခါနီးမှာ ဂိုးသမား ရဝေဇင်ရဲ့ အမှားကနေ ပေးလိုက်ရတဲ့ ဂိုးနဲ့ပဲ ရှုံးသွားရတာပါ။ ၆၆ မိနစ်မှာ ခင်မောင်လွင်က ချေပဂိုးနဲ့ မိနစ် ၈၀မှာ စိုးမင်းဦးက ဦးဆောင်ဂိုးသွင်းနိုင်ပေမယ့် အနိုင်ကိုမထိန်းနိုင်လို့ ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

ဗထူးကွင်း

ဉဿာယူနိုက်တက် - တစ်ဂိုး။
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ။

ပွဲအစ ၇မိနစ်မှာ လစ်ပီလစ်ပီ သွင်းယူခဲ့တဲ့ဂိုးနဲ့ ဉဿာယူနိုက်တက်တို့ ဒုတိယမြောက် နိုင်ပွဲရသွားခဲ့ပါတယ်။ ဇွဲကပင်ယူနိုက်တက်အတွက်ကတော့ ခြောက်ပွဲဆက်အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဒယ်လ်တာယူနိုက်တက်-
ရန်ကုန်ယူနိုက်တက်

ဗထူးကွင်း

မကွေး F.C - နေပြည်တော်

ကမ္ဘောဇ F.Cမှ ခင်မောင်လွင် ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း....။

ရန်ကုန် ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁

မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) သည် ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများလျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၅)ကို ဧပြီ ၂၈ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မအိ၊ မြေလတ်ညိုလင်းတို့၏ ကဗျာများ၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ ဓမ္မာစရိယ ဦးခင်မောင်၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ တက္ကသိုလ်တင်ခ၊ ကျိုက်လတ်မိုးမြင့်၊ မောင်နေမွန်၊ မောင်ကောင်းမြင့်၊ ဒေါက်တာဒေါ်စိုးသူ၊ ပြည်စိုး၊ မောင်ခင်မင်(ဓနုဖြူ)၊ အောင်ချိန်ဘွား၊ ဆူးသစ်နီ၊ အောင်မင်း(မထသ)၊ကံမြင့်၊ မောင်မောင်(ယထ)၊ ခင်မောင်အေး(မန္တလေး)၊ ခင်မောင်ထွေး(မရမ်းကုန်း)၊ ရီကြိုင်၊မျိုးမြင့်(လှည်းကူး)၊ တိုးထက်၊ အောင်သင်းမြတ်တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ် ဟာသကဏ္ဍ၊ နိုင်ငံတကာသတင်း၊ ကျန်းမာရေးကဏ္ဍများနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၅၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

မန်စီးတီးနှင့် စပါးတို့ နိုင်ပွဲကိုယ်စီရရှိ စတုတ္ထနေရာအတွက် အားပြိုင်နေကြဆဲ

အာကာဟိန်း ➤ ရေးသားသည်

လန်ဒန် မေ ၁

ပရီမီယာလိဂ်ပွဲစဉ်(၃၇)ကို မေ ၁ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်စီးတီးတို့အိမ်ကွင်း၌ နိုင်ပွဲရရှိခဲ့သဖြင့် စတုတ္ထနေရာ မျှော်လင့်ချက်ရှင်သန်နေဆဲဖြစ်ပြီး ပြိုင်ဘက်စပါးကလည်း အိမ်ကွင်း၌ ဘော်လ်တန်အသင်းနှင့်ယှဉ်ပြိုင်ရာ နိုင်ပွဲရရှိခဲ့သဖြင့် စတုတ္ထနေရာအတွက် ရလဒ်ပြတ်သားမှု မကွဲပြားနိုင်ဆဲပင်ဖြစ်သည်။

မန်စီးတီးနှင့် ဗီလာ

ခြေစွာသောဗီလာကို မန်စီးတီးတို့ အိမ်ကွင်း၌ နိုင်ပွဲရရှိရန် ပွဲစကတည်းက ဖိကစားခဲ့သည်။ တိုက်စစ်တွင် ဂျွန်ဆင်၊ ဘယ်လာမီ၊ တီဗက်ဇ်တို့ ဝိုင်းရံကာ အထောင်တိုက်စစ်မှူးအဖြစ် အဒီဘာယောကိုထားရှိပြီး တိုက်စစ်ဖွင့်ကစားခဲ့သည်။ ဗီလာကလည်း လက်ရှိ ရပ်တည်မှုနေရာ တည်တံ့ရန် တိုက်စစ်တွင် ဂျွန်ကာရူး၊ အဘွန်လဟောတို့ကို ထားကာ ဘယ်ညာ တောင်ပံများ၌ ဒေါင်းနင်းနှင့် အက်ရှ်လေယန်းတို့ကို ပွဲထုတ်ခဲ့သည်။

ဂိုးသွင်း

မန်စီးတီးတို့ ဂိုးသွင်းယူနိုင်ရေး ဖိကစားသော်လည်း ၁၆မိနစ်၌ ဒေါင်းနင်းဖြတ်ပေးလိုက်သည့် ဘောလုံးကို ဂျွန်ကာရူးက ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ဗီလာတို့ အဖွင့်ဂိုး စောစီးစွာရရှိခဲ့သည်။

ချေပဂိုး

သို့သော် မန်စီးတီးတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ၄၁မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို တီဗက်ဇ်က သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။ ထို့နောက် မန်စီးတီးတို့ ဆက်တိုက်ထိုးဖောက်ကစားခဲ့ရာ ၄၃မိနစ်၌ အဒီဘာယောက တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဗီလာတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစား

မန်စီးတီးနှင့် ဗီလာတို့ပွဲတွင် မန်စီးတီးအတွက် အဒီဘာယော (ဝဲစွန်)က ဤသို့ ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သော်လည်း ရလဒ်မပြောင်းလဲနိုင်ဘဲ ဖြစ်ခဲ့ရာမှ ၈၉မိနစ်၌ ဘယ်လာမီက တစ်ဂိုး သွင်းယူခဲ့သဖြင့် မန်စီးတီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဘာမင်ဂမ်နှင့် ဘန်လေ

ဘာမင်ဂမ်တို့ အိမ်ကွင်း၌ နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့သည်။ ဘာမင်ဂမ်တို့အတွက် အဖွင့်ဂိုးကို ၂၉မိနစ်၌ ဘန်လေကစားသမား ဂျွန်ဆင်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဘာမင်ဂမ်တို့ လက်ဆောင်ဂိုးရရှိခဲ့သည်။ ဘာမင်ဂမ်အတွက် ဒုတိယဂိုးကို ၄၁မိနစ်၌ ဘင်နီတက်ဇ်က သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းတွင် ဘာမင်ဂမ်တို့ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်နေခဲ့သည်။ သို့သော် ဒုတိယပိုင်း ပွဲချိန်ပြည့်ခါနီး ၈၇မိနစ်၌ ဘန်လေမှ သွန်ပဆင်က ချေပဂိုးသွင်းယူခဲ့သဖြင့် ဘာမင်ဂမ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဘန်လေတို့ ယခုပွဲ ရှုံးခဲ့သဖြင့် တန်းဆင်းရန် ပိုမိုသေချာသွားစေခဲ့သည်။

စပါးနှင့် ဘော်လ်တန်

နိုင်ပွဲလိုအပ်နေသော စပါးသည် ဒီဖိုး၊ ပက်ဗလူချင်ကို၊ မိုဒရစ်တို့နှင့် ပွဲထွက်လာသော်လည်း ဘော်လ်တန်ကို ဂိုးပြတ်မသွင်းနိုင်ခဲ့ချေ။ စပါးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၈မိနစ်၌ စတုန်းက သွင်းယူပေးခဲ့သဖြင့် စပါးတို့ အိမ်ကွင်း၌ သုံးမှတ်အပြည့်ရရှိခဲ့ပြီး လက်ရှိနေရာ၌ ခိုင်မာစွာ ဆက်လက်ရပ်တည်နိုင်ဆဲပင်ဖြစ်သည်။

အခြားပွဲရလဒ်များ

စတုတ်	၀	-	၀	အဲဗာတန်
ပို့စ်မောက်	၃	-	၁	ဝုဗ်

(အင်တာနက်)

စက်ရုံလုပ်ငန်း
ပြည့်ဝန်ထမ်း
မြဲတမ်း
မီးသတိပြု

2-5 (12).pmd 1 5/2/2010, 1:23 AM

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃ရပ်ကွက်၊ ရန်ပြေ ၁၅လမ်း(အနောက်)၊
အမှတ် ၂၀နေ ဦးရွှေတင်-ဒေါ်သန်းသန်းမြင့်တို့၏ဒုတိယသား

ဗိုလ်ကျော်လွင်ဦး(ငြိမ်း)
B.C.Sc (D.S.A)
(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန)

နှင့်

မကွေးတိုင်း၊ မင်းဘူးမြို့၊ မင်းဘူး-စကုလမ်းနေ
ဦးစိန်ဝင်း-ဒေါ်စန်း(အလပြ၊ အထက-၂၊ မင်းဘူးမြို့)
တို့၏တစ်ဦးတည်းသောသမီး

မခင်သန္တာဝင်း
B.A(English), A.G.T.I(M.T)
Design Engineer(M.A.O.I Co., Ltd.)

တို့၏ ၁-၅-၂၀၁၀ရက်(စနေနေ့)တွင် Central Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မယုနန္ဒာဝင်း၊ မင်္ဂလာပန်း ဗန်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော မမျိုးသန္တာဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာဖြင့်ဖျော်ဖြေပေးသော စန္ဒရားကွန်ဇော်တေးဂီတအဖွဲ့၊ မေတ္တာဖြင့် မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော မယု(ကိုမာ)၊ မေတ္တာဖြင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော သူငယ်ချင်းများအားလည်းကောင်း၊ Central Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကျော်လွင်ဦး(ငြိမ်း)-မခင်သန္တာဝင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်ခင်အုံးမြင့်(အလပြ-ငြိမ်း)တို့၏ သားကြီး၊ မောင်လင်းမြင့်သိန်း B.Sc(Physics),G.T.C(E.C),Diploma in Tourism Management (TMIS,Singapore)၏ အစ်ကို

မောင်ဖြိုးဦး
B.E(Electronic),I.D.C.S(NCC),International Advance Diploma in Computer Studies(NCC)
Electrical Superintendent(Pacific Radiance,Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်လှိုင်(ဆေးနှင့်ဆေးပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း၊ငြိမ်း)-ဒေါ်မာမာစိန်တို့၏သမီးကြီး၊ ဒေါက်တာလွင်မာလှိုင် M.B.,B.S(Ygn), M.Med.Sc(Public Health)-မောင်အောင်လှိုင်မြင့် တို့၏ အစ်မ

မဆွေမာလှိုင်
B.A(Sculpture),M.A(Sculpture)Tsukuba University, Japan,
Ph.D(Sculpture)(Candidate)Tsukuba University, Japan
ပန်းပုပညာဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)

တို့သည် ၂၇-၄-၂၀၁၀ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဦး-မဆွေမာလှိုင်။

မင်္ဂလာဆုမွန်

ချစ်သား **ဖြိုးဝေလင်း**နှင့် ချစ်သမီး **မေစပယ်ဖြူ** တို့၏ ၂-၅-၂၀၁၀ရက်တွင် ကျရောက်သော မင်္ဂလာသက်တမ်း(၁)နှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာချမ်းမြေ့စွာဖြင့် ပြီးပြည့်စုံသောဘဝကို ရရှိပိုင်ဆိုင်နိုင်ပါစေ-

ချစ်ဖေကြီး - ဦးကျော်ဝင်းမြင့်
ချစ်မေကြီး - ဒေါ်ခင်ခင်သန်း
ချစ်မကြီး - မခင်မာလာဝင်း
ချစ်မလတ် - မအေးအေးမူ။

ပျောက်ဆုံးကြောင်း ကျွန်တော်မောင်ရဲဝင်းအောင်(C.D.C 58502) ကိုင်ဆောင်သူသည် E.D.H လက်မှတ် (30628/08) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁-၆၆၉၂၃။**

အမည်ပြောင်း

ဦးရွှေဝင်း-ဒေါ်ဝင်းသူဇာပြည့်စုံတို့၏ သားငယ် မောင်ကောင်းခန့်ဇော်အား မောင်ကောင်းခန့်မြတ်ဟုခေါ်ပါရန်။

မောင်ကောင်းခန့်မြတ်။

စာအုပ်စာပေ လူ့မိတ်ဆွေ

သုတ၊ ရသ စာအုပ်များနှင့် ရေဒီယို လှူဒါန်း

မိုးကောင်း မေ ၁

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံကိုကြိုဆို ဂုဏ်ပြုသော အားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကိုယ်စားအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်(ထက်သူအောင်)က ဧပြီ ၃၀ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်နှင့် စာနယ်ဇင်း ၅၂အုပ်၊ လစဉ်ထုတ် ဓမ္မရတနာဓမ္မမဂ္ဂဇင်း တစ်နှစ်စာနှင့် ကျေးလက် စာကြည့်တိုက်များအတွက် ရေဒီယိုတစ်လုံးတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် ဝန်ထမ်းများထံ ပေးအပ်လှူဒါန်းခဲ့သည်။

(၀၀၁)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၂၂၀/ကဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၃၄စီ၊ မြေကွက်အမှတ် ၈/ဘီ၅၊ ဧရိယာ ၀ဒသမ ၃၀၉ဧကရှိသောမြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော လေးခန်းတွဲရှစ်ထပ်တိုက်သစ်တစ်လုံးအနက်မှ တိုက်ခန်းအမှတ် ၂စီ၊ နှစ်လွှာ(ပထမထပ်)နှင့် တိုက်ခန်းအမှတ် ၆အေ၊ ခြောက်လွှာ(ပဉ္စမထပ်)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှစ်ခန်းနှင့် အပါအဝင်ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်လဲလှယ် လွှဲပြောင်းပေးအပ်ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဦးဇော်လတ်ထွန်း ၁၂/မဂတ(နိုင်)၀၇၉၃၉၈၊ ဦးချိုချိုဦး ၁၂/သကတ(နိုင်)၀၁၂၀၃၇ တို့နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့သည် နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူညီချက်အရ ဖော်ပြပါတိုက်ခန်းများအား ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင် လဲလှယ်လွှဲပြောင်း ပေးအပ်ရန် သဘောတူညီကြပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက လဲလှယ်လွှဲပြောင်းပေးအပ်ခြင်းအား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဥ်၆၀၈၂) **B.A., H.G.P., C.B.L., D.B.L., D.M.L**
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှမင်းဇော်သည် မတ် ၂၄ရက်က သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ငါးလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ ရေငန်ငါးအဝယ်ဒိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ငါးများ၌ ဘေးဥပဒ်အန္တရာယ် ဖြစ်စေသည့် ဓာတုဆေးဝါး ထည့်သွင်းသုံးစွဲမှုမရှိစေရေး ဆွေးနွေးပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေမြောင်းများ ဆယ်ယူရှင်းလင်း

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၆)ရပ်ကွက် ကောလိပ်ဟောင်းကွေ့တွင် အဖွဲ့ဝန်ထမ်းများဖြင့် ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သောပစ္စည်းများ အနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကား ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေ ထွန်းခြင်း၊ မော်တော်ကားခေါင်းခန်း ကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော် အပ်ပါသည်။

တာဝန်ဝတ္တရားများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး အငြိမ်းစားယူသွားသော မြန်မာ့မီးရထား အမှတ်(၇)တိုင်းရုံး အမှတ်(၂၉)အဆန် လက်မှတ်အရောင်းဌာနမှ ဒုတိယတာဝန်ခံ ဦးခင်မောင်မြင့်အား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို မေ ၁ရက်က ရန်ကုန်ဘူတာကြီး အမှတ်(၁)စကြံ ရုံပိုင်ချုပ်ကြီး ရုံးခန်းမ၌ ကျင်းပရာ တိုင်းမန်နေဂျာ ဦးထိန်ဝင်း အမှာစကားပြောကြားစဉ်။ (မြန်မာ့မီးရထား)

မေတ္တာပေါင်းကူး သစ်သားတံတား မလှိုင်မြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာ၌ဖွင့်

မလှိုင် မေ ၂၅

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ဖျောက်ဆိပ်ကုန်းကျေးရွာအဝင် မေတ္တာပေါင်းကူး သစ်သားတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က အဆိုပါတံတား ထိပ်မှခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် စက်မှု(၁) ဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးအေးမောက်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်မိရပ်ဖ ဦးတင်ထွဋ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် မေတ္တာပေါင်းကူး သစ်သားတံတားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလှူရှင်နှင့်တံတားဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရွှေနန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ကုန်ကျငွေ

အဆိုပါ သစ်သားတံတားမှာ အလျား ပေ ၄၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၅ ပေရှိပြီး စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၃၀၀ဖြစ်သည်။ (ဝ၈၂)

ငါး၊ ပုစွန်များအတွင်း ဆိုးဆေးနှင့် ဓာတုပစ္စည်းများ သုံးစွဲမှုမရှိစေရေး ချောင်းဆုံ၌ အသိပညာပေး

ချောင်းဆုံ မေ ၂၂

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရောင်းဝယ်စုဆောင်းသည့် ငါး၊ ပုစွန်များအတွင်း ဆိုးဆေးနှင့် ဓာတုပစ္စည်းများသုံးစွဲမှုမရှိစေရေးအတွက် မတ် ၈ရက်မှ ၁၃ရက်အထိ ချောင်းဆုံမြို့နယ်အတွင်းရှိ ငါးအဝယ်ဒိုင်များ၊ ဈေးများကို (၁၅)ကြိမ် ကြည့်ရှုစစ်ဆေးခဲ့ပြီး အသိပညာပေး ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း စဥ့်ကူး၌ဖွင့်

စဥ့်ကူး မေ ၁၅

စဥ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၁/၂၀၁၀)ဖွင့်ပွဲကို မတ် ၃၀ရက် နံနက် ၉နာရီက အဆိုပါမြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူကသင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်ဒုတိယဦးစီးမှူး ဦးမျိုးမင်းစိုး၊ ဦးသက်နိုင်စိုးနှင့် ဌာနဆိုင်ရာ သင်တန်းနည်းပြဆရာများ၊ ကျေးရွာဥက္ကဋ္ဌများတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်သည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေထွေလာ

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံး ပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပုလဲမြို့ မြို့မရေပေးဝေရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

ပုလဲ မေ ၂၀

ပုလဲမြို့ မြို့မရေပေးဝေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ရက်က ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အကြံပြုဆွေးနွေး

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားဆွေးနွေးသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်က မြို့တွင်းသို့ လက်ရှိရေပေးဝေဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများက အကြံပြုဆွေးနွေးကြသည်။

လုပ်ငန်းဆောင်ရွက်မည့်အခြေအနေမှာ မြို့နှင့် လေးဖာလုံကွာဝေးသည့် ရှစ်လက်မ အဝီစိတွင်းမှရေကို အင်ဂျင်စက်ဖြင့်စုပ်ယူ၍ မြို့တွင်းသို့ပိုက်စနစ်ဖြင့် တွန်းပို့ဖြန့်ဝေပေးမည်ဖြစ်သည်။

ပြီးစီးရေး

ထို့နောက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ အမြန်ပြီးစီးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဘဝလမ်းညွှန် စာကြည့်တိုက်အဆောက်အအုံသစ် ရွှေတောင်မြို့နယ်၌ဖွင့်

ရုပ်မြင်သံကြား၊ ရေဒီယို၊ ငွေပဒေသာပင်နှင့်စာအုပ်စာစောင်များလှူဒါန်း

ရွှေတောင် မေ ၂၂

ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းအုပ်စု၊ ညောင်ပိုင်းကျေးရွာ ဘဝလမ်းညွှန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၉ရက် နံနက် ၈နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ခိုင်မာရေး

အခမ်းအနားတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာပေ၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်တို့က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးအေးထွန်းက ငွေကျပ် ၅၀၀၀တန်ဖိုးရှိ တိုင်ကပ်နာရီတစ်လုံး၊ မြို့နယ်အခွန်ဦးစီးမှူး ဦးထွန်းထွန်းလင်းက ငွေကျပ် ၁၀၀၀၀ တန်ဖိုးရှိ ရေဒီယိုကက်ဆက် တစ်လုံး၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဖိုးချိုက ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က စာအုပ်မျိုးစုံအုပ် ၁၅၀နှင့် မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က စာအုပ်မျိုးစုံ အုပ် ၁၀၀တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးမျိုးဝင်းက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ကြက်၊ ငှက်တုပ်ကွေးရောဂါကာကွယ် ထိန်းချုပ်ခြင်း ပညာပေးဟောပြော

ဒီပဲယင်း မေ ၂၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကြခတ်ကျေးရွာတွင် ကြက်၊ငှက်တုပ်ကွေးရောဂါကာကွယ် ထိန်းချုပ်ခြင်း ပညာပေးဟောပြောပွဲကို မတ် ၁၆ ရက် မွန်းလွဲပိုင်းက ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာကျော်ထွန်းက ကြက်၊ ငှက်တုပ်ကွေးရောဂါအသိပေးနှိုးဆော်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာလေးမောင်သိန်းက ဇီဝလုံခြုံမှုနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲ၌ ကျေးရွာပြည်သူ ၁၅၀တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ထူးခြားသည့် နေ့အပူချိန်များ ၁-၅-၂၀၁၀

ချောက်မြို့	၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
နေပြည်တော်ပျဉ်းမနား	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၂ ဒီဂရီစင်တီဂရိတ်
သာယာဝတီမြို့	၄၂ ဒီဂရီစင်တီဂရိတ်

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။

(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများ ချထားရာတွင် ကူညီဆောင်ရွက်ပါ။

(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။

(င) မိမိအိမ်မှစတင်ပြီး မီးမလောင်စေရေး၊ ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ထားပါ။

(စ) အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်ထားရှိပါ။

(ဆ) မီးလောင်ကြောင်း အချက်ပေးနိုင်ရန်အတွက် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် ပစ္စည်းများ အသင့်ထားရှိပါ။

(ဇ) ပူပြင်းသောရာသီအချိန်များတွင် တဲအိမ်များ၌ မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲပါ။

(ဈ) အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိပါ။

(ည) မီးသတ်ယာဉ်များ အစဉ်ကောင်းမွန်စေရေးအတွက် လှူဒါန်းပံ့ပိုးပေးကြပါ။

ဟုမ္မလင်းဆိပ်ကမ်းမှ သလ္လာဝတီသင်္ဘောကြီးများကလည်း ဤသို့ ပြေးဆွဲခုတ်မောင်းပေးလျက်ရှိကြသည်။

နာဂတောင်တန်းအဝင်မှ ဟုမ္မလင်းမြို့၏ ဖွံ့ဖြိုးစည်ပင်နေသည့်အလှများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ဖွန်မောင်မောင် — စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ဟုမ္မလင်း မေ ၁

နာဂတောင်တန်းသို့အဝင်····။ အထက်ချင်းတွင်းဆိပ်ကမ်း၌တည်ရှိသော ဟုမ္မလင်းမြို့။ ဖွံ့ဖြိုးမှုအလှများကို နေရာစုံ၌ တွေ့မြင်ရသည်။ နိုင်ငံတစ်ဝန်း စည်ပင်တိုးတက်မှု ပုံရိပ်များစွာတို့တွင် ဟုမ္မလင်းမြို့လည်း ပါဝင်ခဲ့လေပြီ····။

စာမျက်နှာ ၇ ကော်လံ ၁ ❍

2-5 (20).pmd 1 5/2/2010, 1:23 AM